ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

(၃၉)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၃၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၈၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၂.၅၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးရဲ့ (၃၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ ၇-၈-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးစိုင်းထွန်းအောင် ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဖခင်ဖြစ်သူ ကျန်းမာရေး။ ဦးဇော်မင်းလတ် (ခ) ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဒေါ်ကျိုန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ကျော်စိုး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ နော်ခရစ္စထွန်း(ခ)ဒေါက်တာအာကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ပြည်ပခရီးစဉ်။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ပြည်ပခရီးစဉ်။ ဗိုလ်မှူးတင့်လွင်အေး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးမင်းအောင်ဖြိုး၊ တပ်မတော်သား ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးနဲ့ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၁)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၈)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၃၉)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၃၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ အမ်းလမ်းကြက်ရေစမ်းဂိတ်တွင် မှတ်ပုံတင် စစ်ဆေးစဉ် ရပ်စောင့်နေရသော ခရီးသည်များအတွက် အမိုးအကာများ စီစဉ်ပေးရန်နှင့် ယင်းဂိတ်တွင် ရခိုင်ပြည်နယ်သို့ ပြန်လာသည့် ခရီးသည်များအား မှတ်ပုံတင် ပုံမှန်စစ်ဆေးခြင်းကို ရပ်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ရခိုင်ပြည်နယ်၊ အမ်းလမ်း "ကြက်ရေစမ်း"ဂိတ်တွင် မှတ်ပုံတင် စစ်ဆေးစဉ် ရပ်စောင့်နေရသော ခရီးသည်များအတွက် အမိုးအကာများ စီစဉ်ပေးရန်နှင့် ယင်းဂိတ်တွင် ရခိုင်ပြည်နယ်သို့ ပြန်လာသည့် ခရီးသည်များအား မှတ်ပုံတင် ပုံမှန်စစ်ဆေးခြင်းကို ရပ်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ အားလုံး မင်္ဂလာပါ။ အားလုံးကို ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဦးခင်မောင်လတ် ပါ။ ကျွန်တော်မေးမယ့် မေးခွန်းက ရခိုင်ပြည်နယ်၊ အမ်းလမ်း "ကြက်ရေစမ်း"ဂိတ်တွင် မှတ်ပုံတင် စစ်ဆေးစဉ် ရပ်စောင့်နေရသော ခရီးသည်များအတွက် အမိုးအကာများ စီစဉ်ပေးရန်နှင့် ယင်းဂိတ်တွင် ရခိုင်ပြည်နယ်သို့ ပြန်လာသည့် ခရီးသည်များအား မှတ်ပုံတင် ပုံမှန်စစ်ဆေးခြင်းကို ရပ်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ရိုးမပေါ်မှာရှိတဲ့ အမ်းတောင်ကြားလမ်းဟာ ရခိုင်ပြည်နယ်နဲ့ ပြည်မ ဆက်သွယ်တဲ့ အဓိကတံခါးပေါက်ပါ။ နယ်စပ်ဒေသမှာ တည်ရှိတဲ့လမ်း မဟုတ်ပါဘူး။ နေပြည်တော်နဲ့သိပ်မဝေးပါဘူး။ ကားနဲ့(၄)နာရီလောက် မောင်းရင် ရခိုင်ရိုးမ တောင်ခြေကို ရောက်ပါတယ်။ ဒီလမ်းပေါ်မှာ စစ်ဆေးရေးဂိတ်(၃)ခု ရှိပါတယ်။ နေပြည်တော်၊ မန္တလေးကသွားမယ်ဆိုရင် ဥသျှစ်ပင်၊ ကြက်ရေစမ်းနဲ့ အမ်းဂိတ်တို့ ဖြစ်ပါတယ်။ ရန်ကုန်က သွားမယ်ဆိုရင် ပဒါန်း ၊ ကြက်ရေစမ်းနဲ့ အမ်းဂိတ်တို့ ဖြစ်ပါတယ်။ ကျွန်တော် အဓိက တင်ပြလိုတာက ကြက်ရေစမ်းဂိတ် ဖြစ်ပါတယ်။ ကြက်ရေစမ်းဂိတ်ဟာ ပေ(၂၅၀၀)၊ (၃၀၀၀)လောက် အမြင့်မှာ တည်ရှိပါတယ်။

တစ်နှစ်လုံး အေးမြပါတယ်။ အနွေးထည် လိုပါတယ်။ မိုးများတဲ့ဒေသ ဖြစ်ပါတယ်။ တစ်ခါတလေ လေနဲ့ မိုးက တောင်အောက်ကနေပြီးတော့ အပေါ်ကို အပြင်း တိုက်ခိုက်ပါတယ်။ သစ်ကြီးဝါးကြီးတွေ ပေါတဲ့နေရာလည်း ဖြစ်ပါတယ်။ ရန်ကုန်ကပဲလာလာ၊ မန္တလေး၊ နေပြည်တော်ကပဲလာလာ ရခိုင်ပြည်နယ်သား အားလုံးနီးပါးဟာ ဒီဂိတ်မှာ နေပူမိုးရွာမရှောင် လမ်းပေါ်မှာ မတ်တတ်ရပ်ပြီးတော့ မှတ်ပုံတင်အစစ် ဆေးခံရပါတယ်။ မိနစ်(၂၀)ခန့် အနည်းဆုံးကြာပါတယ်။ ကားတွေများရင်တော့ (၁)နာရီလောက် ကြာပါတယ်။ ခရီးသည်တွေထဲမှာ သူအိုသူနာ၊ ကလေးတွေ ပါပါတယ်။ စစ်ဆေးသူ လ.ဝ.က ဝန်ထမ်း တွေက အမိုးအကာအောက်မှာ သဘာဝဘေး လုံခြုံပြီးတော့ နေပါတယ်။ ခရီးသည်တွေက အမိုးအကာမဲ့ နေကြရပါတယ်။ ဒီနေရာမှာ ပြည်သူသာ အမိ ပြည်သူသာ အဖ မဟုတ်ပါဘူး။ ပြည်သူတွေက အောက်က နေကြရတာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်က ပြည်မဘက်ကို သွားတာ စစ်ဆေးတာ အဓိပ္ပာယ် ရှိပါတယ်။ ဘင်္ဂါလီတွေပါသွားမှာ စိုးရိမ်လို့ ဖြစ်ပါတယ်။ ရခိုင်

ပြည်နယ် အဝင်ကို စစ်ဆေးစရာ မလိုပါ။ မည်သည့် ဘင်္ဂါလီမှလည်း ရခိုင်ပြည်နယ်ထဲကို ကားနဲ့ မလာပါ။

အထူးသဖြင့် အိမ်အပြန် မှတ်ပုံတင်စစ်လို့ ခရီးကြန့်ကြာ ဒုက္ခရောက်သူတွေက ရန်ကုန်၊ နေပြည်တော်၊ မန္တလေးက တစ်ဆင့် ပွဲတော်ရက်တွေမှာ ရခိုင်သို့ ပြန်လာတဲ့ ပြည်မနဲ့ ပြည်ပမှာ အလုပ်လုပ်နေတဲ့ သိန်းနဲ့ချီတဲ့ IDP တွေပါ။ သိန်းပေါင်းများစွာသော ငွေတွေကို တိုင်းပြည်နိုင်ငံနဲ့ မိသားစုအတွက် ရှာလာခဲ့တဲ့ သူတွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေ ချိုးဖောက်သူများကို ဖမ်းဆီးဖို့ ရံဖန်ရံခါ စိစစ်ဖို့ လိုအပ်ပါတယ်။ သို့သော်လည်းပဲ တခြားပြည်နယ် တိုင်းဒေသတွေမှာ ဖြတ်သွားတဲ့ ဂိတ်တွေမှာလည်း ဒီလိုစစ်ဆေးဖို့ လိုအပ်ပါတယ်။ ရခိုင်ပြည်နယ် တစ်ခုတည်းကို ကွက်ပြီးတော့ ဂိတ်(၂)ခု ၊ (၃)ခု တောင်မှ မှတ်ပုံတင် စစ်ဆေးတာကို ပြန်လည်သုံးသပ်ဖို့ လိုအပ်ပါတယ်။ သိရသလောက်ကတော့ ဒီဂိတ်တွေမှာ လက်နက်၊ မူးယစ်ဆေးဝါး၊ ဘင်္ဂါလီ ၊ ပြစ်မှု ရှိသူတွေကို မိတာ အင်မတန်ကို နည်းပါတယ်။ အပြစ်ရှိသူတွေ တကယ် ရခိုင်ကို ပြန်ချင်ရင် လေကြောင်းနဲ့ ပြန်လို့ရပါတယ်။ မှတ်ပုံတင် မစစ်ဆေးပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်ခေတ်တွေနဲ့စာရင်တော့ ဒီဂိတ်တွေက ပြည်သူ့ဆက်ဆံရေး ကဏ္ဍမှာ တိုးတက်လာပါတယ်။ ဒါပေမဲ့ လာဘ်ပေးလာဘ်ယူစနစ် နည်းနည်း ကျန်ပါသေးတယ်။ မှတ်ပုံတင်နဲ့ ထောက်ခံစာ မကောက်လို့ကတော့ (၂၀၀၀)၊(၃၀၀၀)လောက်က စတောင်းပြီးတော့ ပေးရပါတယ်။ ဖြတ်သွားတဲ့ ကားတိုင်း အသေးဆိုရင် (၅၀၀)ကနေ (၁၀၀၀)၊ အကြီးဆိုရင် (၁၀၀၀)ကနေ (၂၀၀၀) ပေးနေရပါတယ်။ ဂိတ်မှာ အမှန်တကယ် စစ်ဆေးရမှာက ရခိုင်ကို အကြီးအကျယ် ဝင်နေတဲ့ မူးယစ်ဆေးဝါးတွေကိုပါ။ ခရီးသည်တင် ကားမှာ ပါလာနိုင်တဲ့ မူးယစ်ဆေးဝါးတော့ ကားရဲ့ကုန်ပေါက်တွေကို ဖွင့်ပြီးတော့ ကြည့်တာမျိုး အင်မတန်မှ ရှားပါတယ်။

နိဂုံးချုပ်အနေနဲ့ ဇာတိရပ်ရွာကိုပြန်လာတဲ့ ပြည်သူများရဲ့ အခွင့်အရေးနဲ့ လူ့ဂုဏ်သိက္ခာနဲ့ အညီ အစစ်ဆေးခံရဖို့အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဦးသိန်းဆွေ (ပြည်ထောင်စုဝန်ကြီး ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်း မေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်

အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ကို ပြည်မက သွားတဲ့ မင်းဘူး-စစ်တွေ ကားလမ်းပေါ်မှာ ကျွန်တော်တို့ အမ်းမြို့နယ်မှာ ကြက်ရေစမ်းဂိတ်ဆိုတာ ရှိပါတယ်။ ရခိုင်ပြည်နယ်နဲ့ မကွေးတိုင်း နယ်နိမိတ် ထိစပ်တဲ့နေရာမှာ တည်ရှိပြီးတော့မှ အဲဒီဂိတ်မှာ စစ်ဆေးရေး ဆောင်ရွက်ဖို့ အတွက် ရခိုင်ပြည်နယ် အစိုးရ၏ အစီအစဉ်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီးတော့မှ စစ်ဆေးဖို့ တာဝန်ချထားတာ ဖြစ်ပါတယ်။

အဲဒီဂိတ်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ယာဉ်များမှာ တရားမဝင် ပစ္စည်းများ သယ်ဆောင်လာမှု ရှိ၊ မရှိကို စစ်ဆေးပါတယ်။ လူဝင်မှုကြီးကြပ်ရေး ဝန်ထမ်းတွေအနေနဲ့ကတော့ ခရီးသည်များကို နိုင်ငံသားစိစစ်ရေးကတ်၊ ဒါမှမဟုတ်ရင်လည်း အခြားအထောက်အထားတွေကို စိစစ်ခြင်းကိုလည်းပဲ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ ခရီးသည်ကို စစ်ဆေးတဲ့နေရာမှာ ရခိုင်ပြည်နယ်မှ တရားမဝင် ခိုးထွက်သူများ ရှိသကဲ့သို့ မြန်မာနိုင်ငံနဲ့ ထိစပ်နေတဲ့ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ဝင်ရောက်လာသူများ၊ တရားမဝင် အဖွဲ့အစည်းများနဲ့ဆက်နွယ်တဲ့ပုဂ္ဂိုလ်များ၊ ရခိုင်ပြည်နယ်မှ ပြည်တွင်းခရီးသွား အထောက်အထား လက်မှတ်ပုံစံ(၄)ဖြင့် ပြည်တွင်းခရီးသွားလာသူများရဲ့ အထောက်အထားလက်မှတ်များဖြင့် အခြားသူများက အစားထိုးပြီးတော့မှ တရားမဝင် ပြန်လည်ဝင်ရောက်လာခြင်းများ ရှိနိုင်တဲ့အတွက် အဝင်၊ အထွက် ယာဉ်များကို စစ်ဆေးခြင်းဟာ ဒေသ လုံခြုံရေးသာမကဘဲနဲ့ နိုင်ငံတော်လုံခြုံရေးကို ကျွန်တော်တို့ ကာကွယ်စောင့်ရှောက်ခြင်းပဲ ဖြစ်ပါတယ်။

အလားတူပဲ တရားမဝင်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်မှု ၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနဲ့ လက်နက်မှောင်ခိုကူးမှု၊ အကြမ်းဖက်သမားများနဲ့ ဥပဒေ ချိုးဖောက်တဲ့သူများကို ကြိုတင်တားဆီး ကာကွယ်ဖို့အတွက်ကိုလည်းပဲ ရဲတပ်ဖွဲ့က ဝန်ထမ်းများက စစ်ဆေးရေး ပြုလုပ်နေတာ ဖြစ်ပါတယ်။ ဒီလိုဂိတ်တွေ ချပြီးတော့မှ စစ်ဆေးနေတဲ့အတွက် တရားမဝင် ဝင်ရောက်မယ့်လူများ ၊ တရားမဝင် ပို့ဆောင်မယ့် လက်နက်၊ ခဲယမ်း၊ မူးယစ်ဆေးဝါးများဟာ ဒီဂိတ်တွေ ရှိတဲ့အတွက် အကန့်အသတ် ရှိပြီးတော့မှ ထိန်းချုပ်ရာ ရောက်ပါတယ်။ နိုင်ငံတော်ရဲ့ လုံခြုံရေးကိုလည်းပဲ ကာကွယ်စောင့်ရှောက်ရာ ရောက်ပါတယ်။ ဝန်ထမ်းများကိုလည်းပဲ ကိုယ့်ပြည်သူလူထုတွေကို အချိန်အတိုဆုံး၊ အနည်းဆုံး ဖြစ်အောင် ၊ အမှန်ကန်ဆုံးဖြစ်အောင်၊ အမြန်ဆုံးဖြစ်အောင် ကျွန်တော်တို့ ညွှန်ကြားပြီး ဖြစ်ပါတယ်။

သက်ကြီးရွယ်အိုများ၊ မဆင်းနိုင်တဲ့ ပုဂ္ဂိုလ်များရှိရင်လည်းပဲ ကားပေါ်က မဆင်းနိုင်တဲ့ ပုဂ္ဂိုလ်များရှိရင်လည်းပဲ ကားပေါ်ကို ဝန်ထမ်းများကို တက်ရောက်ပြီးတော့မှ စစ်ဆေးပေးဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားသလိုပဲ ဂိတ်တွေမှာ ငွေကြေးတွေ၊ အဂတိလိုက်စားမှုတွေ ရှိတယ်ဆိုရင် ကျွန်တော်တို့ကို အချိန်မရွေး တိုင်ကြားနိုင်ပါတယ်။ ထိထိ ရောက်ရောက် ဖော်ထုတ်ပြီးတော့မှ အရေးယူသွားမှာ ဖြစ်ပါတယ်။ စစ်ဆေးခံပြည်သူများ မိုးတွင်း ကာလမှာ မိုးစိုမှုမရှိစေရေး၊ အဆင်ပြေချောမွေ့စေရေးအတွက်လည်းပဲ ကျွန်တော်တို့ အမိုးအကာ များနဲ့ ခေတ္တရပ်နားရန် နေရာများကို ရခိုင်ပြည်နယ်အစိုးရနဲ့ ညှိနှိုင်းပြီးတော့မှ ဆောင်ရွက်ပေး သွားမယ်လို့ ဖြေကြားလိုပါတယ်။

ရခိုင်ပြည်နယ်ရဲ့ နယ်စပ်ဖြတ်ကျော် စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ခြင်းသည် မသမာသူများ ပြည်မသို့ တရားမဝင် ဝင်ထွက်ခြင်းမှ တားဆီးကာကွယ်ရေးသာမကဘဲနဲ့ တရားမဝင်ကုန်စည်များ သယ်ယူပို့ဆောင်ခြင်း၊ မူးယစ်ဆေးဝါးများ၊ လက်နက်မှောင်ခိုကူးခြင်းများနဲ့ လူကုန်ကူးခြင်း အပါအဝင် အကြမ်းဖက်သမားများနဲ့ ဥပဒေချိုးဖောက်သူများကို ကြိုတင်တားဆီးကာကွယ်ခြင်း စတဲ့ရည်ရွယ်ချက်များနဲ့ ဖွင့်လှစ်ထားတာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ဂိတ်တွေမှာ ခရီးသည်များကို စစ်ဆေးရေးကိစ္စကို လောလောဆယ် ရုပ်သိမ်းပေးရန် အစီအစဉ် မရှိပါကြောင်းနဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြဆွေးနွေးတဲ့ အကြံပြုချက်များကိုလည်းပဲ မှတ်သားပြီးတော့မှ အောက်ခြေမှာရှိတဲ့ ဝန်ထမ်းများကို ကျွန်တော်တို့ ညွှန်ကြားကြပ်မတ်ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ နေပြည်တော်ကောင်စီဝင် တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ နေပြည်တော်ကောင်စီဝင် က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့တွင် မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မီ ပြည်သူ့ရင်ပြင်တစ်ခုကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘော်ရယ်စိုးဝေ က ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့တွင် မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မီ ပြည်သူ့ရင်ပြင်တစ်ခုကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးဘော်ရယ်စိုးဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်တွင် မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မီ ပြည်သူ့ရင်ပြင်တစ်ခုအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့ဟာ ရပ်ကွက်ပေါင်း (၈)ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း(၂၆)အုပ်စုနဲ့ ကျေးရွာပေါင်း (၁၆၃)ရွာနဲ့ ဖွဲ့စည်းထားတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ တိုင်းရင်းသားပေါင်းစုံ ရှစ်သောင်းကျော် နေထိုင်တဲ့ ကယားပြည်နယ်ရဲ့ ဒုတိယ လူဦးရေ အများဆုံး မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဦးစီးဌာနကနေပြီးတော့မှ ဒီးမော့ဆိုမြို့ကို ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မြို့ပြစီမံကိန်းတစ်ရပ်ကို စနစ်တကျ ရေးဆွဲပေးပြီး အရေးတကြီး လိုအပ်နေတဲ့ ပြည်သူ့ရင်ပြင်တည်ဆောက်ခြင်းကို နှစ်တိုစီမံကိန်းမှာ အဆိုပြု ထည့်သွင်းရေးဆွဲပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရိုးရာဓလေ့ထုံးစံပွဲတော်များ၊ မြို့နယ်အခမ်းအနားများ၊ လူထုစုဝေးပွဲများ၊ ပျော်ပွဲရွှင်ပွဲ ကျင်းပနိုင်ရန်နှင့် ပြည်သူများ အနားယူ အပန်းဖြေနိုင်ရန်အတွက် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့တွင် မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မီ ပြည်သူ့ရင်ပြင်တစ်ခုအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျိုက်ဖနဲ ရပ်ကွက်၊ ဝတ်ကြီးလမ်းရှိ ဝတ်သစ်ရပ်နှင့် ဇီးကုန်းရပ် နယ်ခြားရှိ ရေမြောင်းကြီးမှာ ကျူးကျော်အိမ်များကြောင့် တိမ်ကောနေပြီဖြစ်သဖြင့် ကျူးကျော်အိမ်များကို ဖယ်ရှားပြီး ရေမြောင်း ပြန်ဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန် က မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျိုက်ဖနဲ ရပ်ကွက်၊ ဝတ်ကြီးလမ်းရှိ ဝတ်သစ်ရပ်နှင့် ဇီးကုန်းရပ် နယ်ခြားရှိ ရေမြောင်းကြီးမှာ ကျူးကျော်အိမ်များကြောင့် တိမ်ကောနေပြီ ဖြစ်သဖြင့် ကျူးကျော်အိမ်များကို ဖယ်ရှားပြီး ရေမြောင်း ပြန်ဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ နေပြည်တော်ကောင်စီဝင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဟန် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျိုက်ဖနဲရပ်ကွက်၊ ဝတ်ကြီးလမ်းရှိ ဝတ်သစ်ရပ်နှင့် ဇီးကုန်းရပ်နယ်ခြားရှိ ရေမြောင်းကြီးမှာ ကျူးကျော်အိမ်များကြောင့် တိမ်ကောနေပြီ ဖြစ်သဖြင့် ကျူးကျော်အိမ်များကို ဖယ်ရှားပြီး ရေမြောင်း ပြန်ဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ပေါ်ရှိ ရပ်ကွက်များရှိ ရေမြောင်းများသည် ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းမှု မရှိခဲ့သဖြင့် ပျက်စီးယိုယွင်း၍ တိမ်ကောလာခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ ရေမြောင်းများထဲမှ တစ်ခုအပါအဝင်ဖြစ်သော ကျိုက်ဖနဲရပ်ကွက်၊ ဝတ်ကြီးလမ်းရှိ ဝတ်သစ်ရပ်နှင့် ဇီးကုန်းရပ် နယ်ခြားရှိ ရေမြောင်းကြီးသည် လွန်ခဲ့သောနှစ်ပေါင်း (၅၀)ကျော်ခန့်ကတည်းက တူးဖော်ခဲ့ခြင်းဖြစ်ပြီး အနောက်လှည်းတန်းရပ်၏ မြောက်ဘက်မှ စတင်စီးဆင်း၍ ဝတ်သစ်ရပ်၊ ဇီးကုန်းရပ်တို့ကို ဖြတ်သန်းစီးဆင်း၍ ဝတ်သစ်ရပ် မြန်မာလမ်း၊ ဒိုင်းဝန်ကွင်းဈေးအနီး တံတားအောက်မှ ဖြတ်ထွက်ပြီး အဆင့်ဆင့်ဖြတ်သန်းပြီး သံလွင်မြစ်ထဲသို့ စီးဝင်ပါတယ်။ မိုးရွာလျှင် ကျိုက်သလ္လံတောင် အရှေ့ဘက်ကုန်းမြင့်အရပ်မှ မိုးရေများဟာ လှည်းတန်း၊ ဝတ်သစ်၊ ဇီးကုန်းရပ်များအတွင်းသို့ အလုံးအရင်းဖြင့် စီးဝင်လာပါတယ်။ တဖန် သံလွင်မြစ်မှ တက်ရေများသည်လည်း လှည်းတန်းရပ်၊ ဇီးကုန်းရပ်၊ ဝတ်သစ်ရပ်များကို ရေလွှမ်းပြန်ပါတယ်။ မိုးရေများ၊ တက်ရေများအားလုံးသည် ဖော်ပြပါ ရေမြောင်းကြီးမှတစ်ဆင့် သံလွင်မြစ်ထဲသို့ ပြန်လည်စီးဝင်သဖြင့် အဆိုပါရေမြောင်းကြီးမှာ အလွန် အရေးပါလှပါတယ်။

ယခုအခါ ထိုရေမြောင်းအတွင်းသို့ သဲများ၊ နုန်းများပို့ချခြင်း၊ သစ်ပင်ချုံနွယ်များပေါက်ရောက်ခြင်း၊ ပြည်သူများကလည်း ရေမြောင်းအတွင်းသို့ အမှိုက်များ စွန့်ပစ်သဖြင့် အမှိုက်များပိတ်ဆို့ခြင်း၊ ရေမြောင်းပေါ်သို့ ကျူးကျော်အိမ်များ ဆောက်လုပ်ခြင်း၊ အုတ်တံတိုင်း ကာရံခြင်းတို့ကြောင့် ရေမြောင်းကြီးမှာ ယခုအခါတွင် ကျဉ်းမြောင်းတိမ်ကောလာပြီဖြစ်သဖြင့် ရေစီးဆင်းမှု မရှိသလောက်နည်းသွားပြီ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုဖို့ တင်ပြတောင်းခံအပ်ပါတယ်။ ဒါက ဒီဘက်ခြမ်းကတော့ နဂိုမူလ ရေမြောင်းအကျယ်ပါ။ ဒီဘက်ကတော့ ကျူးကျော်သွားလို့ရေမြောင်းက တော်တော်လေး ကျဉ်းမြောင်းသွားတာ ဖြစ်ပါတယ်။ ဒါကတော့ ရေမြောင်းပေါ်မှာကျူးကျော်ပြီးတော့ အုတ်တံတိုင်း ကာရံထားတာတွေ၊ ဂိုဒေါင်ဆောက်ထားတဲ့ နေရာတွေပါ။ ဒါကတော့ရေမြောင်းပေါ်မှာ ကျူးကျော်ပြီးတော့ လက်ဖက်ရည်ဆိုင် တည်ထားတာပါ။ ဒါ အမှိုက်တွေ စွန့်ပစ်ထားတဲ့ပုံပါ။ ဒါ သစ်ပင်ချုံနွယ်တွေ ရေမြောင်းပေါ်မှာ ပိတ်ဆို့နေတာပါ။ ဒါကတော့ မိုးရွာတဲ့အခါမှာလမ်းမပေါ်မှာနဲ့ အိမ်တွေပေါ်မှာ ရေလွှမ်းလာတာ ဖြစ်ပါတယ်။ ဒါကတော့ မိုးရွာပြီး (၅)ရက်လောက်ကြာတဲ့အထိ ရေလွှမ်းနေတဲ့နေရာတွေပါ။ ဒါ အိမ်အောက်တွေမှာပါ။ ထိုကဲ့သို့ ရေမြောင်းတစ်လျှောက်လုံးပိတ်ဆို့မှုများကြောင့် မိုးရွာလျှင် ကတ္တရာလမ်းမပေါ်သို့ ရေလျှံသဖြင့် ကတ္တရာလမ်းများ ပျက်စီးခြင်း၊ ရေမြောင်းအတွင်းနှင့် လူနေအိမ်အောက်များတွင် ရေများစီးဆင်းမှု မရှိသဖြင့် ရေပုပ်၊ ရေသိုးများ လနဲ့ချီကျန်ရှိ နေခဲ့ခြင်းကြောင့် ခြင်များပေါက်ဖွားကာ နှစ်စဉ် ကလေးငယ်များ သွေးလွန်တုပ်ကွေး ဖြစ်သဖြင့်ဆေးရုံသို့ တက်ရောက်ကုသကြရပါတယ်။

ထို့ကြောင့် ရေမြောင်းပေါ်သို့ ကျူးကျော်ဆောက်လုပ်ထားသော နေအိမ်များကို အမြန်ဆုံးဖယ်ရှားပေးပြီး အဆိုပါရေမြောင်းအား အနက်(၆)ပေ၊ အကျယ်(၆)ပေခန့်ဖြင့် ပြန်လည်တူးဖော်၍ကွန်ကရစ် အုတ်ဘောင်ဖြင့် ခိုင်ခိုင်မာမာ တည်ဆောက်ပေးမှသာ ရေမြောင်းပတ်ဝန်းကျင် ကျူးကျော်အိမ်များ၏ အနှောင့်အယှက် ကင်းဝေးပြီး ရေစီးရေလာကောင်းမွန်၍ ရေရှည်တည်တံ့မည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျိုက်ဖနဲရပ်ကွက်၊ ဝတ်ကြီးလမ်းရှိ ဝတ်သစ်ရပ်နှင့် ဇီးကုန်းရပ် နယ်ခြားရှိ ရေမြောင်းကြီးမှာ တိမ်ကောနေပြီ ဖြစ်သဖြင့် ကျူးကျော်အိမ်များကို ဖယ်ရှားပေးပြီး ရေမြောင်း ပြန်ဖော်ပေးရန် အစီအစဉ် ရှိ/မရှိကို ကျိုက်ဖနဲရပ်ကွက်နေ ပြည်သူများအကျိုးအတွက် ရည်မျှော်ကာ သက်ဆိုင်ရာ အစိုးရအဖွဲ့အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

နဂိုမူလရေမြောင်းအကျယ်နှင့် ရေမြောင်းပေါ်သို့ အိမ်များကျူးကျော်ဆောက်ထားသည့် မြင်ကွင်းပုံ (ပပ)





ရေမြောင်းထဲသို့အမှိုက်များ စွန့်ပစ်ထားသောမြင်ကွင်းပုံ ( ပပ-၁ )



မိုးရွာသည့်အခါ ရပ်ကွက်အတွင်းရှိ နေအိမ်နှင့် လမ်းများ ရေလွှမ်းမိုးသွားသောမြင်ကွင်းပုံ ( ပပ-၂ )





**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နေပြည်တော်ကောင်စီက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဦးအောင်မြင့်ထွန်း (နေပြည်တော်ကောင်စီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ပထမနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း ဖြစ်ပါတယ်။ ယခု မေးမြန်းတဲ့ မေးခွန်းများကို ပြည်နယ်၊ တိုင်းအစိုးရများရဲ့ကိုယ်စား ကျွန်တော် ဖြေကြားပေးတာ ဖြစ်ပါကြောင်း ဦးစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

ပထမဦးဆုံးအနေနဲ့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေ ရဲ့ မေးခွန်းကို စတင်ဖြေကြားရမယ်ဆိုလို့ရှိရင် ဆရာ ဦးဘော်ရယ်စိုးဝေ ပြောတဲ့အတိုင်း မှန်တော့ မှန်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနက ဒီးမော့ဆိုမြို့နယ်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မြို့ပြစီမံကိန်းတစ်ရပ် ရေးဆွဲခဲ့ပါတယ်။ အဲဒီမှာ ပြည်သူ့ရင်ပြင် တည်ဆောက်ခြင်း နှစ်တိုစီမံကိန်း ဆိုပြီးတော့ အဆိုပြု ထည့်သွင်းရေးဆွဲ ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီ ဒီးမော့ဆိုမြို့နယ်ရဲ့ မြို့ပြစီမံကိန်း ရေးဆွဲထားရှိမှုကိုလည်း ကျွန်တော်တို့ ဒုတိယအကြိမ်၊ ကယားပြည်နယ်လွှတ်တော်ရဲ့ ပဥ္စမ

ပုံမှန်အစည်းအဝေးမှာ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ခဲ့ပြီး ကယားပြည်နယ်လွှတ်တော် ကလည်း မှတ်တမ်းတင်ထားရှိပြီး ဖြစ်ပါတယ်။

အဲဒီတော့ ဒီးမော့ဆိုမြို့နယ်ရဲ့ မြို့အင်္ဂါရပ်နဲ့အညီ ပြည်သူ့ရင်ပြင်တစ်ခု ဆောက်လုပ်ဖို့ရာ အတွက် ဆိုလို့ရှိရင် အနည်းဆုံး (၃၀၀ x ၃၀၀)ပေ (၂)ဧကလောက်ရှိတဲ့ မြေနေရာ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီးမော့ဆိုမြို့နယ်တွင် အဆင့်မီ ပြည်သူ့ရင်ပြင် တည်ဆောက်နိုင်ရေး အတွက် ဘဏ္ဍာငွေရရှိအောင် စတင်ဆောင်ရွက် တင်ပြတောင်းခံပြီးတော့ လာမည့်နှစ်တွေမှာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ စီမံထားရှိ ဆောင်ရွက်နေပြီဖြစ်ကြောင်းနဲ့ ဒီ အခု ၂၀၁၇-၂၀၁၈ စီမံကိန်းလျာထားချက်မှာတော့ ထည့်သွင်းလျာထားမှု မရှိသေးပါကြောင်း တင်ပြဖြေဆိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့်။

နောက်တစ်ခါ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဟန် ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားရမယ် ဆိုလို့ရှိရင် မွန်ပြည်နယ် ခုနတုန်းက ကိုယ်စားလှယ်ကြီးလည်း Power Point တွေနဲ့ တင်ပြခဲ့လို့ ကျွန်တော်တို့ အားလုံးလည်း မြင်ပြီး ဖြစ်ပါတယ်။ အဲဒီလို မြင်တဲ့အခါမှာလည်း ကျွန်တော်ကတော့ ကိုယ်စားလှယ်တော်ကြီးတွေကို အစိုးရများ ကိုယ်စား ကျေးဇူးတင်တာကတော့ အဲဒီလို Alert လုပ်ပေးနိုင်လို့ရှိရင်တော့ သူတို့ ဆောင်ရွက်ရတာ ပိုပြီးတော့ ကောင်းတယ်လို့လည်း ထင်ပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။

အဲဒီတော့ မော်လမြိုင်မှာရှိတဲ့ ကျိုက်ဖနဲရပ်ကွက်က ဝတ်ကြီးလမ်းမှာရှိတဲ့ ဝတ်သစ်ရပ်ကွက်နဲ့ ဇီးကုန်းရပ် နယ်ခြား ရေမြောင်းမှာ မှန်ပါတယ်။ ကိုယ်စားလှယ်ကြီး တင်ပြသလိုပဲ သူတို့ဖြေတာလည်း သဲနုန်းတွေ ပို့နေပါတယ်။ သစ်ပင်ချုံနွယ်တွေ ပေါက်နေပါတယ်။ အမှိုက်တွေလည်း ပိတ်ဆို့တယ်။ ရေမြောင်းပေါ်မှာ ကျူးကျော်အိမ်တွေလည်း ဆောက်လုပ်ထားတယ်။ အုတ်တံတိုင်းတွေလည်း ကာရံထား ပါ တယ်ဆိုတာ ဖြေကြားထားပါတယ်။ အဲဒါကြောင့်မို့လို့ ကျူးကျော်အိမ်တွေ၊ တိမ်ကောနေခြင်းတွေ စတင်ဆောင်ရွက်ပေးလျက်ရှိပါပြီ ဆိုတဲ့အကြောင်းလည်း ဖြေကြားပါတယ်ခင်ဗျား။

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဒိုင်းဝန်ကွင်းဈေးမှာလည်း ရေမြောင်း တစ်လျှောက်ပိတ်ဆို့နေမှုတွေကို အပတ်စဉ် ဈေးပိတ်ရက်မှာ တနင်္ဂနွေနေ့တိုင်း ရှင်းလင်းဖယ်ရှား ဆောင်ရွက်ပေးလျက် ရှိပြီးတော့ မြန်မာလမ်းဖြတ်တံတားကိုလည်း ကျွန်တော်တို့ ၃၀-၆-၂၀၁၇ ရက်နေ့မှာ တူးဖော်ရှင်းလင်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာလမ်းတစ်လျှောက် သုတလမ်းနှင့် ဒိုင်းဝန်ကွင်း လမ်းမကြီးအထိ လက်ယာဘက်အခြမ်းကိုလည်း ရပ်ကွက်နေပြည်သူတွေက ၂၉-၅-၂၀၁၇ ရက်နေ့က စပြီးတော့ ရှင်းလင်းဖော်ထုတ် ဆောင်ရွက်နေခဲ့ပါတယ်။ အဲဒီလိုပဲ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့အနေနဲ့လည်း လိုအပ်တဲ့ ပစ္စည်းကိရိယာ၊ မော်တော်ယာဉ်များ ကူညီဆောင်ရွက် ပေးလျက်ရှိပြီးတော့ ရေမြောင်းမှာ နောက်ထပ်ထုတ်ဖော်ရဦးမယ့် ရေမြောင်းဖော်ထုတ်ဖို့ရန် ကျန်ရှိတဲ့ အပိုင်းတွေကိုလည်း ဆက်လက်ရှင်းလင်းပြီးတော့ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်ကြား ထားတာ ရှိပါတယ်။ ဒါပေမဲ့ ရေမြောင်းကို တူးဖော်ပြီးတော့ အနက်(၆)ပေ၊ အကျယ်(၆)ပေ ကွန်ကရစ် အုတ်ဘောင်ဖြင့် ခိုင်ခိုင်မာမာ ပြန်လည်တည်ဆောက်ဖို့ရာတော့ စည်ပင်သာယာရေးကော်မတီများအနေနဲ့ ရရှိတဲ့ ငွေကြေးပေါ်မှာ

မူတည်ပြီးတော့ ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ဆိုတဲ့အကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကိုယ်စားလှယ်တော်ကြီးအား လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာ၊ ချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း (ကန်တုန်) ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီရဲ့ အစီရင်ခံစာကို ထောက်ခံဆွေးနွေး တင်ပြရင်း အပြုသဘောနဲ့ အကြံ ဉာဏ်ပေး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးဆိုတာ သံခင်း၊ တမံခင်း ကိစ္စရပ် များဖြစ်ပြီး ပါလီမန် လွှတ်တော်အချင်းချင်း ဆက်ဆံရုံသာမက မိမိတို့နိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန ကိစ္စရပ်များကိုပါ အထောက်အကူပြုပေးသွားနိုင်တဲ့ လွှတ်တော်ကော်မတီလည်း ဖြစ်ပါတယ်။ သို့အတွက် အခြားသောလွှတ်တော်ရေးရာကော်မတီများထက် နိုင်ငံတကာနဲ့ ထိတွေ့ရင်းနှီးခွင့်ရတဲ့ အဖွဲ့အစည်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံအသီးသီးနဲ့ ဆက်ဆံရာမှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနဲ့ အပြန်အလှန် လေးစားချစ်ကြည်ရေး၊ တန်းတူညီမျှရေး ရှိစေရေး ဆိုတဲ့ ယခင်ကတည်းက ရှိပြီးဖြစ်တဲ့ ဘန်ဒေါင်းညီလာခံက ငြိမ်းချမ်းရေးမူကြီး (၅)ချက်ကို အခြေခံထားဖို့ အကြံပြုလိုပါတယ်။ နိုင်ငံတကာဆက်ဆံရေးမှာ ယဉ်ကျေးချိုသာတဲ့ ပြုံးပြနှုတ်ဆက်ရုံမျှနဲ့ မပြီးဘဲ မိမိလွှတ်တော်ဆီ လာရောက်ကြတဲ့ ပုဂ္ဂိုလ်များနဲ့ စူးစမ်းသိရှိလိုတဲ့အနေအထားကို ပြန်ကြားရင်း မြန်မာ နိုင်ငံရဲ့ အနာဂတ် အစီအစဉ်များကိုလည်း အဆိုပါပုဂ္ဂိုလ်များမှတစ်ဆင့် နိုင်ငံတကာသို့ အသိပေး ပြန်ကြားနိုင်ဖို့ အရေးကြီးကြောင်း အကြံပြုအပ်ပါတယ်။

အစီရင်ခံစာထဲမှာ အမေရိကန်၊ စင်ကာပူ၊ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကာတာ နိုင်ငံတို့က သံအမတ်ကြီးများ လွှတ်တော်သို့ လာရောက်ခဲ့ခြင်းနဲ့ နိုင်ငံတကာဆက်ဆံရေးကော်မတီမှ

အဖွဲ့ဝင်များက စင်ကာပူ၊ အိန္ဒိယ၊ ဗီယက်နမ်နိုင်ငံတို့အကြောင်းကို ဆွေးနွေးခဲ့ကြကြောင်း မှတ်သားရပါတယ်။ အထူးသဖြင့် ကော်မတီဥက္ကဋ္ဌက ၂၂-၅-၂၀၁၇ ရက်နေ့က OneBelt One Road (OBOR) မြန်မာလို ဝန်းရစ်ပတ်လွှမ်း လမ်းတစ်လမ်းလို့ အဓိပ္ပာယ်ရတဲ့ ရပ်ဝန်းတစ်ခု လမ်းမတစ်ကြောင်း ခေါင်းစဉ်နဲ့ ဆွေးနွေးခဲ့ကြောင်းကိုလည်း မှတ်သားရပါတယ်။ မြန်မာ့ငြိမ်းချမ်းရေးနဲ့ (OBOR)ဆက်နွယ်နေတဲ့သဘောကို သတိပြုဖို့ အရေးကြီးလှပါတယ်။ လက်ရှိအနေအထားအရ တရုတ်နိုင်ငံက ဦးဆောင်ပြီး ကိုယ်စားပြုနိုင်ငံ (၆၅)နိုင်ငံ အပါအဝင် ဒေါ်လာ(၈၉၀)ဘီလီယံ သုံးစွဲအကုန်အကျခံမယ့် ၂၁ ရာစု ပိုးလမ်းမစီမံကိန်းအကြောင်း တင်ပြချက်ကို အခြားကိုယ်စားလှယ်တော်ကြီးများ သိရှိစေဖို့၊ လွှတ်တော်ဂျာနယ်မှ ဖော်ပြပေးနိုင်ဖို့ အကြံပြုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့ အစီရင်ခံစာထဲမှာ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်း ထိစပ်နေပြီး မိုင်ပေါင်းထောင်ချီ တည်ရှိနေတဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ ထိတွေ့ဆက်ဆံမှု တင်ပြချက်များ မတွေ့ရှိရပါ။ ဒီနေရာမှာ ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေဆိုတဲ့ မြန်မာ့ဆိုစကားအရ အိမ်နီးချင်းနိုင်ငံများနဲ့ ဆက်ဆံရေးဟာ အလွန်ပဲအရေးကြီးလှပါတယ်။ မကြာသေးမီက အမျိုးသားလွှတ်တော်၊ လွှတ်တော်ကို တင်သွင်းသွားတဲ့ အနောက်မြောက် အိန္ဒိယနယ်စပ် တမူးမြို့က ကသည်းလက်နက်ကိုင်ကိစ္စ၊ ရခိုင်ပြည်နယ်စပ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံလူဦးရေ ဖောင်းပွထူထပ်မှု ပြဿနာက မြန်မာ့နိုင်ငံ ရခိုင်ပြည်နယ်၊ မောင်တောဒေသကို အရိပ်မည်းထိုးနေတဲ့ အခြေအနေများဖြစ်ပြီး အရှေ့မြောက်ဒေသ တရုတ်နယ်စပ်က ငြိမ်းချမ်းရေးဆွေးနွေးလာကြတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ထိုင်းနိုင်ငံက ပြန်လည်ရောက်ရှိလာကြတဲ့ မြန်မာလုပ်သားများကိစ္စဟာ မြန်မာလူမျိုးတို့ရဲ့ ဂုဏ်သိက္ခာပိုင်းနဲ့ သက်ဆိုင်တဲ့၊ နိုင်ငံတကာဆက်ဆံရေးများ ဖြစ်တဲ့အတွက် ကော်မတီအနေနဲ့ အလေးအနက်ထားပြီး လေ့လာထားသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံ အိန္ဒိယ၊ တရုတ်နိုင်ငံတို့နဲ့ ဆက်စပ်နယ်နိမိတ်ချင်း ထိစပ်နေပြီး မြန်မာနိုင်ငံအတွင်းမှာ အိန္ဒိယမှ ဟိန္ဒူ ၊ ဘင်္ဂါလီတို့နဲ့ တရုတ်နိုင်ငံက တရုတ်လူမျိုးနွယ်များ ယခင်ကာလကတည်းက အတူတကွ နေထိုင်ခဲ့ကြသော်လည်း မြန်မာတွေဟာ Hindi စကား၊ တရုတ်မင်ဒရင် ဘာသာစကားများကို သင်ယူသင့်ကောင်းမှန်းမသိခဲ့ကြဘဲ သူတို့ကသာ မြန်မာစကား တတ်ကျွမ်းလာခဲ့ကြပါတယ်။ ဆိုလိုသည်မှာ လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် နိုင်ငံခြားဘာသာစကား၊ အင်္ဂလိပ်ဘာသာ တစ်ခုတည်းသာမက လွှတ်တော်ကိုယ်စားလှယ်များထဲမှ နိုင်ငံခြားသို့ ပညာတော်သင် အသီးသီးသွားရောက်ခဲ့ကြတဲ့သူများ တတ်ကျွမ်းလာတဲ့အထဲမှာ၊ ၎င်းတို့အထဲမှာ ရုရှား၊ ပြင်သစ်၊ ဂျပန်၊ ကိုရီးယား၊ တရုတ်ဘာသာစကားများ ပြောဆိုတတ်သူများ ရှိသဖြင့် ပါဝင်ဖွဲ့စည်းထားသင့်ကြောင်း အကြံပြုအပ်ပါတယ်။ တရုတ်နိုင်ငံတွင် ဘာသာခြားစကား တက္ကသိုလ်ရှိပြီး မြန်မာအဖွဲ့ကို မြန်မာစကား ပြောဆိုနိုင်တဲ့ နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်များ ထားရှိပါတယ်။ မြန်မာနိုင်ငံက အင်္ဂလိပ် တစ်ဘာသာတည်းသာ အဓိက အသုံးပြုနေကြောင်း တွေ့ရှိရပါတယ်။ လာအိုနဲ့ ဗီယက်နမ်နိုင်ငံတို့ဟာ ပြင်သစ်ဘာသာစကားကို ပြောကြားတဲ့နိုင်ငံများဖြစ်ပြီး တရုတ်နိုင်ငံမှာ ကျွန်တော် ပညာသင်ကြားနေစဉ်က ကြားဘာသာ၊ တရုတ်ဘာသာစကားဖြင့် ဆက်ဆံပြောဆိုခဲ့ကြရပါတယ်။

သို့ပါ၍ လွှတ်တော်မှာ ဘာသာစကားအမျိုးမျိုး တတ်ကျွမ်းသူကိုယ်စားလှယ် အစုအဖွဲ့များ ပါဝင်ဖွဲ့စည်းထားခြင်းအားဖြင့် နိုင်ငံတကာဆက်ဆံရေးမှာ များစွာခရီးရောက်နိုင်မှာ ဖြစ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် နိုင်ငံတကာဆက်ဆံရေးကော်မတီဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ တရားစီရင်ရေးနဲ့ ပြဋ္ဌာန်းဥပဒေများရဲ့ ဂုဏ်သိက္ခာကို နိုင်ငံတကာရဲ့အမြင်မှာ လုံးဝထိခိုက်နစ်နာ ဆုံးရှုံးသွားစေတဲ့ မြစ်ကြီးနားအကျဉ်းထောင်က သစ်မှောင်ခိုအကျဉ်းသား(၁၅၀)ကို တစ်သက်တစ်ကျွန်း ကျစေပြီးမှ (၈)ရက်အကြာ ထောင်ကလွှတ်ပေးတဲ့ကိစ္စ၊ မြန်မာနိုင်ငံက ကားအစီး(၄၀၀)တိုက် မြန်မာ့သစ်လုံးများ လုံးဝဆုံးရှုံး နစ်နာသွားစေတဲ့ကိစ္စ၊ လူဆိုးဓားပြပင် ဖြစ်လင့်ကစား စိုင်းနော်ခမ်း ရဲ့ သူ့ဆွေမျိုးသားချင်းများအနေနဲ့ ရှမ်းလူမျိုးတို့ရဲ့ဇာတိ မြန်မာနိုင်ငံဘက်ကို မလွှဲအပ်ဘဲ လာအိုနိုင်ငံရဲ့ နိုင်ငံတကာဥပဒေ မျက်ကွယ်ပြုပြီး အခြားနိုင်ငံများသို့ လွှဲအပ်ခြင်းကိစ္စများကို ထောက်ရှုပြီး မြန်မာနိုင်ငံသားများနဲ့ မြန်မာနိုင်ငံပိုင်ပစ္စည်းများကို ကော်မတီအနေနဲ့ အကာအကွယ်ပေးနိုင်ပါရန် အကြံပြု တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဒေါက်တာသန်းဝင်း(ဥက္ကဋ္ဌ၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီရဲ့ အစီရင်ခံစာကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကော်မတီဥက္ကဋ္ဌ ကျွန်တော် ဒေါက်တာသန်းဝင်း မှ ဆွေးနွေးမှာဖြစ်ပါတယ်။

ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ကော်မတီရဲ့ အစီရင်ခံစာနဲ့ ပတ်သက်လို့ ဘက်စုံ၊ ထောင့်စုံမှ အကြံပြု ဆွေးနွေးထားတာကို ကော်မတီအနေနဲ့ မှတ်သားပြီးတော့ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီရဲ့ အစီရင်ခံစာကို သဘောတူ လက်ခံပေးပါရန်နှင့် အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာ အဆို တင်သွင်းအပ်ပါ တယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။ အမျိုးသား လွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၏အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၈)ဦး အမည်စာရင်း တင်သွင်း ထားပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၆။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို ကျွန်တော် အချက်(၄)ချက်နဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အစီရင်ခံစာရဲ့ နံပါတ်(၅)မှာ ကျန်းမာရေးဝန်ထမ်းအင်အား လျော့နည်းနေမှုကို တွေ့ရှိရပါတယ်ဟု

ဖော်ပြထားပါတယ်။ အာရောဂျံ ပရမံလာဘံ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ ဌာနဆိုင်ရာအားလုံးတွင် ဝန်ထမ်းအင်အား အများဆုံးခန့်ထား သင့်တာက ကျန်းမာရေးဝန်ထမ်းများ ဖြစ်ပါတယ်။ နိုင်ငံတော်မှ ကျန်းမာရေးဝန်ထမ်းများ လုံလောက်စွာ ခန့်ထားပေးရန် လိုအပ်ပါတယ်။ ဒါမှ ပြည်သူများရဲ့ ကျန်းမာရေးဝန်ဆောင်မှုကို ထိရောက်စွာ လုပ်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ပြည်သူများ ကိုယ်ကျန်းမာမှ စိတ်ချမ်းသာပြီး တိုင်းပြည်လည်း တိုးတက်လာမှာ ဖြစ်ပါတယ်။

ဒုတိယအချက်အနေဖြင့် အစီရင်ခံစာရဲ့ နံပါတ်(၅)မှာပဲ ကျန်းမာရေးဝန်ထမ်းများ တာဝန်ကျသည့်နေရာတွင် တာဝန်ထမ်းဆောင်မှု မရှိကြောင်းနဲ့ ဆေးဝါးထုတ်ယူသည့် အခြေအနေအကြောင်းကိုလည်း ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ဒီဟာ တကယ့်မြေပြင်မှာ ဖြစ်ပျက်နေတဲ့အခြေအနေ ဖြစ်ပါတယ်။ အထူးသဖြင့် တိုက်နယ်ဆေးရုံတွေမှာဖြစ်တာ ပိုများပါတယ်။ ဒီနေရာမှာ အဖြစ်မှန် တစ်ခုကို နမူနာပြချင်တာက ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မှာ တိုက်နယ်ဆေးရုံ (၃)ခုရှိပါတယ်။ အဲဒီ တိုက်နယ်ဆေးရုံတွေမှာ အချိန်ပြည့်ဆရာဝန်တွေ မခန့်ထားပေးပါဘူး။ ပြည်နယ်မှ လက်ထောက် ဆရာဝန်များကိုသာ တွဲဖက်၍ ချထားပါတယ်။ တစ်နှစ်မှာ ဆရာဝန်ရှိတဲ့အချိန်က ပျမ်းမျှ(၆)လခန့်သာ ရှိပြီး ဆရာဝန် မရှိတဲ့အချိန်က(၆)လ ဖြစ်နေပါတယ်လို့ ဒေသခံပြည်သူတွေရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။ ဆေးရုံမှာ ဆရာဝန် မရှိလို့ အရေးပေါ်လူနာများ များစွာ ဒုက္ခရောက်နေကြရပါတယ်။ ဝေးလံသောဒေသရှိ တာဝန်ကျဝန်ထမ်းတွေဟာ တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့်လည်း လေ့လာစုံစမ်းသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်အနေနဲ့ အစီရင်ခံစာ နံပါတ်(၁၂)ဖြစ်ပါတယ်။ ဒီ အစီရင်ခံစာထဲမှာ ဆင်းရဲနွမ်းပါးသည့် ပြည်နယ်များအတွက် Free Medical Service ကျင့်သုံးသင့်ပါတယ်ဆိုပြီးတော့မှ ဖော်ပြထားပါတယ်။ ဆင်းရဲနွမ်းပါးသည့် ပြည်နယ်များအတွက် Free Medical Service ကျင့်သုံးသင့်တယ် ဆိုတာ မှန်ကန်သော်လည်း ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးကာစတိုင်းပြည် ဖြစ်နေသေးတဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်အနေနဲ့ အဲဒီလောက်အထိတော့ ဘတ်ဂျက်က နိုင်မှာ မဟုတ်သေးပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေဖြင့် ဆင်းရဲသောပြည်နယ်များမှာ အရေးပေါ်လူနာများ၊ (၁၀)နှစ်အောက်ကလေးများ၊ (၆၅)နှစ်အထက်လူနာများကိုသာ Free Medical Service လုပ်ပေးနိုင်ရန် သင့်တော်မယ်လို့ ယူဆပါတယ်။ ဒါ့အပြင် ဆေးဝါးထုတ်ယူရေးနဲ့ ပတ်သက်၍ ပြည်သူ့ဆေးရုံကြီးများတွင် (၆)လတစ်ကြိမ် ဆေးဝယ်ယူ သိုလှောင်ထားရမယ့်အစား (၃)လတစ်ကြိမ် ထုတ်ပေးရန် အရေးကြီးပါတယ်။ နယ်မြို့ တော်တော်များများမှာ ဆေးဝါးသိုလှောင်မှု အဆင်မပြေသောကြောင့် ဆေးဝါးတွေ Expired Date ဖြစ်တာတွေ တော်တော်များပါတယ်။ ဒါကြောင့်မို့လို့ (၃)လတစ်ကြိမ် ဝယ်ယူသိုလှောင်ထားရင်တော့ အသင့်တော်ဆုံးဖြစ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးချင်ပါတယ်။

နောက်ဆုံးတစ်ချက်အနေနဲ့ ကျွန်တော် အားကစားအကြောင်းကို ဆွေးနွေးချင်ပါတယ်။ အစီရင်ခံစာမှာပါတဲ့အတိုင်း အားကစားလောကတိုးတက်ရေး၊ နိုင်ငံတကာပြိုင်ပွဲတွင် အောင်မြင်မှုရရှိနိုင်ရေးတို့အတွက် အားကစားကွင်းများ ဖြည့်ဆည်းပေးရန်နဲ့ အားကစားကဏ္ဍတွင် ဘတ်ဂျက်တိုးမြှင့်ပေးသင့်ကြောင်း အကြံပြုထားတာကို တွေ့ရပါတယ်။ ဒီဟာက မှန်ပါတယ်။ ကျွန်တော်တို့

မြန်မာနိုင်ငံက လွန်ခဲ့တဲ့ ၁၉၈၀ မတိုင်ခင်က မြန်မာ့အားကစားသည် အရှေ့တောင်အာရှတွင်သာမက အာရှတွင် ထိုးဖောက် ရင်ပေါင်တန်းနိုင်ခဲ့ပါတယ်။ သို့သော်လည်း ယခုအခါ အရှေ့တောင်အာရှမှာတောင်မှ မြန်မာ့အားကစားဟာ မျက်နှာငယ်ရလောက်အောင် အဆင့်နိမ့်ကျသည်ကို အားလုံးအသိပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးတိုးတက်ခြင်း တစ်ခုတည်းဖြင့် တိုင်းတာ၍မရပါ။ တစ်ဖက်မှလည်း အားကစားဖြင့် နိုင်ငံတော်၏ အဆင့်အတန်းကို သတ်မှတ်လို့ရပါတယ်။ ဒါကြောင့်မို့လို့ ခေတ်နောက်ကျန်ရစ်ခဲ့တဲ့ မြန်မာ့အားကစားကို ပြန်လည်ကုစားရန် လိုအပ်နေပြီဖြစ်ပါတယ်။ အခုအချိန်မှ ပြန်လည်မကုစားရင်တော့ မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်ဟူသော ဆောင်ပုဒ်အတိုင်း ဖြစ်မလာတော့ဘဲနဲ့ မြန်မာ့အားကစား ကမ္ဘာကိုလွမ်းရမယ် ဆိုတဲ့ အခြေအနေသို့ ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျေးလက်ဒေသရှိ အားကစားကွင်းများ မရှိသေးသော အခြေခံကျောင်းများတွင် သင့်တော်သောဘောလုံးကွင်း၊ ကစားကွင်းများ ဖော်ဆောင်ပေးသင့်ပါတယ်။ အစိုးရအနေဖြင့်လည်း အားကစားဘတ်ဂျက်များကို တိုးမြှင့်သင့်ပါတယ်လို့ ကျွန်တော်ဆွေးနွေးချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုကော်မတီအနေဖြင့် အစီရင်ခံစာကို ဝန်ကြီးဌာနက ဆက်လက် အကောင်အထည်ဖော်ပေးနိုင်ဖို့ ကော်မတီမှ ဆက်လက်ထိန်းကျောင်းပေးကြပါလို့ တိုက်တွန်းရင်း ဆွေးနွေးရင်းနဲ့ ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၀။**

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဒီနေ့ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို မဆွေးနွေးမီ အစီရင်ခံစာ၏ ကောင်းမွန်ပြည့်စုံခြင်းအတွက် ပထမဦးဆုံး ကော်မတီကို ချီးကျူးလိုပါတယ်။ ကျွန်မအနေနဲ့ ကျန်းမာရေးကဏ္ဍအတွက် ကော်မတီက လေ့လာတွေ့ရှိချက်(၂)ခုကိုပဲ ဆွေးနွေးပါမယ်။

ဥက္ကဋ္ဌကြီးရှင်။ အစီရင်ခံစာတွေ့ရှိချက်ထဲမှာ ကျန်းမာရေးဝန်ထမ်းများရဲ့ ဆောင်ရွက်ရသော တာဝန်ဝတ္တရားများနှင့် လူနာအချိုးအင်အား မမျှတခြင်း၊ အချို့ဌာနများတွင် ဝန်ထမ်းအင်အားမပြည့်ဝခြင်း၊ တာဝန်ကျရာတွင် တာဝန်ထမ်းဆောင်မှု မရှိခြင်းများကို တွေ့ရှိရပါသည်ဟု ရေးထားပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဤအတွက် ကျွန်မဆွေးနွေးလိုသည်မှာ ကမ္ဘာမှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင် SDGs (၁၇)ချက်အနက် တတိယအချက်ဖြစ်တဲ့ Good Health and Well-being ကို ကြိုးစားလုပ်ဆောင်နေကြပါတယ်။ အဓိပ္ပာယ်က ကောင်းမွန်သော ကျန်းမာရေးသာမက

ပျော်ရွှင်ပြည့်စုံခြင်းကိုပါ ဖော်ဆောင်ကြရပါမယ်။ ကော်မတီရဲ့ တင်ပြချက်အခြေအနေအရဆိုလျှင် ဝန်ဆောင်မှုပေးရာမှာ မလုံလောက်သဖြင့် ဤအခြေအနေတစ်ခုကို ဖန်တီးဖို့မဖြစ်နိုင်ပါ။

ဥက္ကဋ္ဌကြီးရှင်။ ဒီလို အချိုးမညီမှုများကြောင့် ဝန်ဆောင်မှုပေးသူတွေကလည်း မနိုင်ဝန် ထမ်းရတဲ့အတွက် လူနာကိုဆက်ဆံတဲ့အခါမှာ မချေမငံ ဆက်ဆံမိကြပါတယ်။ အဲဒီအခါမှာ လူနာက လည်းပဲ ကျန်းမာရေးကမကောင်း၊ စိတ်ထဲကပါ ဆင်းရဲရတဲ့အခါကျတော့ ဝန်ဆောင်မှုပေးတဲ့ လူကိုယ်တိုင်ကလည်းပဲ စိတ်ဆင်းရဲနေတော့ အခြေအနေတွေဟာ ဆိုးရွားသွားပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကော်မတီရဲ့ ဒုတိယတွေ့ရှိချက်ကို ဆွေးနွေးပါမယ်။ ဝန်ထမ်းအပြောင်း အရွှေ့တွင် တာဝန်ရှိသူများအနေဖြင့် လုပ်ပိုင်ခွင့်များကို လွဲမှားစွာ အသုံးချနေကြောင်း ကြားသိ ရပါသည်လို့ ဖော်ပြထားပါတယ်။ ဒါက အရေးကြီးပါတယ်။ ဆေးရုံ၊ ဆေးခန်း၊ ဆေးပစ္စည်း၊ ဆေးဝါး ဘယ်လောက်ကောင်းကောင်း၊ ဝန်ဆောင်မှုပေးတဲ့ လူသားအရင်းအမြစ်တွေကလည်း ကောင်းမှ ဖြစ်ပါ မယ်။ စွမ်းဆောင်ရည်အနေနှင့် တစ်ယောက်နှင့်တစ်ယောက် သိပ်မကွာခြားပေမဲ့ ဝန်ဆောင်မှု ပေးတဲ့အခါ မပျော်မရွှင် မပြည့်မစုံဖြစ်နေရင် ရည်ရွယ်ချက် မပြည့်မြောက်နိုင်ပါဘူး။ ဥပမာတစ်ခု ပြောချင်ပါတယ်။ လွန်ခဲ့တဲ့ ခေတ်အဆက်ဆက်က ဝန်ထမ်းကို ဝေးလံခေါင်သီတဲ့နေရာကို ပို့ပါတယ်။ အဲဒီအချိန်မှာ ဝန်ထမ်းက ဆရာဝန်တစ်ယောက်ဟာ လခ(၄၅၀)ရပြီး၊ အဲဒီနေရာကို သွားဖို့ (၉၀၀) ကုန်ပါတယ်။ ကုန်ဈေးနှုန်းက အဲဒီမှာ(၃)ဆခန့် မြင့်တက်နေပါတယ်။ တစ်ခါမှာတော့ လူဆိုးတွေက ဒီမြို့ကို ဖြတ်သန်းမယ်။ ဆရာဝန်ကို ရှာမယ်ဆိုတော့ အာဏာပိုင်အဖွဲ့အစည်းတွေက သူတို့လည်း ပုန်းကြမယ်။ ဆရာဝန်လည်း ပုန်းနေပါလို့ ပြောတယ်။ အဲဒီအခါကျတော့ ဆရာဝန်ကလည်းပဲ ဘယ်မှာ ပုန်းရမှန်းမသိဘဲနဲ့ ရုပ်ဖျက်ပြီးတော့ လူနာတွေကြားထဲမှာ လူနာဟန်ဆောင်ပြီးတော့ ခေါင်းမြီးခြုံပြီး နေခဲ့ရပါတယ်။ ဒီလိုဝန်ထမ်းကို လုံခြုံရေးလည်းမပေးနိုင်၊ စားဝတ်နေရေးလည်း အဆင်ပြေအောင် မလုပ်ပေးခဲ့ပါဘူး။

ဒါကြောင့် ဝန်ထမ်းတွေဟာ အလုပ်ကို စွန့်ခွာသူ၊ နိုင်ငံရပ်ခြားထွက်သူတွေ များလာပြီး ဒီအခြေအနေအထိ ဖြစ်လာခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ယခုခေတ်မှာတော့ ဝန်ထမ်းတွေကို ဘယ်လိုမူနဲ့ ခန့်သလဲ၊ ဘယ်လိုမူနဲ့ ပြောင်းရွှေ့နေသလဲ၊ ဘယ်လိုထောက်ပံ့ပေးသလဲ၊ လုံခြုံရေး အတွက် ဘာတွေလုပ်ပေးသလဲဆိုတာ ကော်မတီအနေနဲ့ ပြည်သူလူထုကိုယ်စား ဝန်ကြီးဌာနနဲ့ ဆွေးနွေးရပါမယ်။ လုပ်ပိုင်ခွင့်ရသူတွေနဲ့ ပတ်သက်လို့ လာဘ်ပေး၊ လာဘ်ယူ လုပ်ထားလို့ နေရာ ကောင်းကိုပေးပြီး မပေးနိုင်သူတွေကို မပြည့်စုံ မလုံခြုံတဲ့နေရာတွေကို ပို့နေသလား ဆိုတာကိုလည်း ဆွေးနွေးရပါမယ်။ နောင်အစီရင်ခံစာများမှာ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ထည့်သွင်းဆွေးနွေးပေးလို ကြောင်း ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၄။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာ၊ ချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂-၈-၂၀၁၇ ရက်နေ့က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖတ်ကြား သွားတဲ့ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုရေးရာကော်မတီရဲ့ အစီရင်ခံစာကို နာကြားခဲ့ရ ပါတယ်။ ကျွန်တော်ကိုယ်တိုင် အဆိုပါကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး အပတ်စဉ်တွေ့ဆုံပြီး သက်ဆိုင်ရာ အကြောင်းခြင်းရာများကို ကဏ္ဍအလိုက် ခွဲခြားကာ ညှိနှိုင်းဆွေးနွေးတိုင်ပင်ခဲ့ကြပါတယ်။ အဆိုပါ အချက်အလက်များထဲမှ တိုင်းရင်းဆေးကဏ္ဍနှင့်သက်ဆိုင်သော အချက်အလက်အချို့ ကျန်ရှိနေပါ သဖြင့် အပြုသဘောမျိုးဖြင့် ဖြည့်စွက်အကြံပြုတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို တိုင်းရင်းဆေးလောကအတွက် အနာဂတ်ကို မျှော်မှန်းပြီး နိုင်ငံ တကာ စံစနစ် အလေးချိန် ချိန်တွယ်မှုများအတိုင်း မီလီဂရမ်၊ ဂရမ်၊ ကီလို ချိန်တွယ်မှုစနစ်များ ပြောင်းလဲပြင်ဆင်ရန်နှင့် တရုတ်ငှက်ဖျားထိုးဆေး၊ Chinhaosu အတွက် နိုဗယ်ဆုများရရှိပြီး ကမ္ဘာကျော် သွားတဲ့အခါ မြန်မာ့တိုင်းရင်းဆေးလောကမှာလည်း ယခုလိုခေတ်မီတိုးတက်တဲ့ ထိုးဆေးများ ပေါ်ထွန်း လာရန် အမှန်ပင်အားတက်ကာ မျှော်မှန်းမိကြပါတယ်။ သို့ရာတွင် တစ်ခုတည်းသော အခက်အခဲမှာ မြန်မာတို့၏ မိရိုးဖလာတိုင်းရင်းဆေးပညာရပ်ကို မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးဆေးပညာရပ် အဖြစ် ယုံကြည်ကိုးစားမှုဖြင့် တစ်ညီတစ်ညွတ်တည်း အားပေးကြရန် ဖြစ်ပါတယ်။ တရုတ်၊ အိန္ဒိယတို့မှာ မိမိဆေးကို တစ်မျိုးသားလုံး အားပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကျွန်တော်ကိုယ်တိုင် ၄-၈-၂၀၁၆ ရက်နေ့က အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးအား မေးမြန်းခဲ့တဲ့ GMP စနစ်နဲ့ တည်ဆောက်နေသည့် တိုင်းရင်းဆေးစက်ရုံနဲ့ပတ်သက်ပြီး ကျွန်တော်၏ မေးမြန်းချက်များကို ဝန်ကြီးဖြေကြားချက်များက လက်တွေ့ဖြစ်စဉ်များနဲ့ လုံးဝကိုက်ညီမှု မရှိကြောင်း ကျွန်တော်အပါအဝင် တီဗွီမှတစ်ဆင့် လွှတ်တော် Channel ကို ကြည့်ရှုနေကြတဲ့ တိုင်းရင်းဆေး လောကမှ ပုဂ္ဂိုလ်အားလုံး သိရှိကြပါတယ်။ ဝန်ကြီး၏ ကြယ်ပွင့်ပြမေးခွန်းများ ဖြေဆိုအပြီး ဌာနအတွင်း မှာ အဆိုပါ လွဲမှားဖြေဆိုခဲ့တဲ့ မမှန်မကန်မှုများ၊ မရိုးမသားနှင့် ပွင့်လင်းမြင်သာမှုမရှိသည့် ငွေရေး ကြေးရေးကိစ္စရပ်များကို ဝန်ကြီးမှ စိစစ်ပေးလိမ့်မည်ဟူ၍ ယုံကြည်ခဲ့ကြပါတယ်။ ဤအနေအထား များဟာ တိုင်းရင်းဆေးလောကများ မျှော်လင့်ချက်များဖြစ်ပါတယ်။

ထိုစဉ်က ကျွန်တော်ရဲ့ မေးခွန်းသည် တိုင်းရင်းဆေးကဏ္ဍအတွက် ပထမဦးဆုံးသော ကြယ်ပွင့်ပြမေးခွန်းဖြစ်ပြီး အသစ်ခန့်အပ်သော ဝန်ကြီးအပေါ် များစွာမျှော်လင့်ခဲ့ကြပါတယ်။ GMP စနစ်နဲ့ လုံးဝကိုက်ညီသော စက်ရုံကောင်းမှသာ ဆေးဝါးကောင်း၊ ထိုးဆေးများ အပါအဝင်များ

ပေါ်ထွက်လာမည် ဖြစ်ကြောင်းကို သတိပြုမိစေရန် ဖြစ်ပါတယ်။ သို့ရာတွင် တိုင်းရင်းဆေးလောက အတွက် တစ်ခုတည်းသော စက်ရုံမှာ စတင်တည်ဆောက်စကတည်းကပင် (၁)စက်မှုဇုန်အတွင်း တည်ဆောက်ရမည့်အစား လူနေရပ်ကွက်အနီးတွင် တည်ဆောက်ခဲ့ခြင်း၊ (၂)ပတ်ဝန်းကျင် မီးဘေးနဲ့ အခြားသော သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရပါက စက်ရုံ၏ လုံခြုံမှုမရှိခြင်း၊ (၃) စက်ရုံမှ စွန့်ထုတ်ပစ္စည်း အညစ်အကြေး စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးမြောင်းများ အပါအဝင်၊ စက်ရုံမှ လူ့ပတ်ဝန်းကျင်ကို ထိခိုက်စေမယ့် အနံ့အသက်များအတွက် မတည်ဆောက်မီကတည်းကပင် စနစ်တကျ နေရာရွေးခြင်းတို့ အပါအဝင် စက်ရုံအတွက် နိုင်ငံတော်မှ ချမှတ်ပေးခဲ့တဲ့ ငွေကြေး ပမာဏပင် တိုင်းရင်းဆေးအကြံပေးအဖွဲ့ကို ကိုယ်တိုင် မသိရှိရခြင်းဆိုတဲ့ ပွင့်လင်းမြင်သာမှု မရှိတာ တွေကိုလည်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြားသော ပြဿနာတစ်ရပ်အဖြစ် ၁၃-၅-၂၀၁၇ ရက်နေ့ထုတ် News Watch ဂျာနယ်ခေါင်းစဉ်အရ တိုင်းရင်းဆေးညွှန်ချုပ်၏ စီမံခန့်ခွဲမှု အလွဲများကြောင့် တိုင်းရင်းဆေး လောက ဒုက္ခရောက်နေဟု တိုင်းရင်းဆေးအသင်းက ဆိုတဲ့ ခေါင်းစည်းနဲ့သတင်းကို သက်ဆိုင်ရာမှ ဖြေကြားပေးဖို့ ထပ်ဆင့်မေးမြန်းလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကြာသေးမီက တိုင်းရင်းဆေး အကြံပေးအဖွဲ့ဝင်တစ်ဦး ထီးချိုင့်ဘက် ခရီးသွားရောက်စဉ် တိုင်းရင်းဆေးအဆောက်အဦအတွင်းမှာ ဖဲဝိုင်းတွေ့ရှိမှုကို ကျန်းမာရေးဝန်ကြီး အား အစည်းအဝေးမှာ တင်ပြထားကြောင်း----

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး၊ ကိုယ်စားလှယ်ကြီး ခဏ၊ ကျွန်တော် အစီရင်ခံစာကို ဆွေးနွေးမှုမှာ အစီရင်ခံစာနဲ့ ဘယ်လိုပတ်သက်လဲ ခင်ဗျား ပြောနေတာတွေက။ ဖြည့်စွက်တာ မဟုတ်ဘူး။ ခင်ဗျား ဖြည့်စွက်တာ မဟုတ်ဘူးလေ။ အစီရင်ခံစာ ဆွေးနွေးရမှာလေ။

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။---- သို့ပါ၍ ဤအနေအထားများကို ဖြည့်စွက်တင်ပြခြင်းအားဖြင့် အမျိုးသားဥက္ကဋ္ဌကြီးထံမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၄၈။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အားလုံး မင်္ဂလာပါ။ ကျွန်မ အနေနဲ့ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီရဲ့ လုပ်ငန်း အစီရင်ခံစာအပေါ်ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကော်မတီရဲ့ ရည်ရွယ်ချက်တွေကတော့ (၁) ပြည်သူလူထုရဲ့ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရန်၊ (၂) အားကစားလောက တိုးတက် စေရန်၊ (၃) မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရန်၊ (၄) လူငယ်ထုအတွင်း စာရိတ္တ

မဏ္ဍိုင် ကြံ့ခိုင်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းကူညီဆောင်ရွက်ရန် ဖြစ်ပါတယ်။

ဒီကော်မတီရဲ့ အစီရင်ခံစာတွေ့ရှိချက်မှာ ယဉ်ကျေးမှုနဲ့ပတ်သက်ပြီးတော့ တိုင်းရင်းသားလူမျိုးအားလုံးတို့သည် မိမိတို့ရဲ့ စာပေ၊ ဂီတ၊ ယဉ်ကျေးမှုအနုပညာများ၊ တိုင်းရင်းသားအလိုက် မြင့်မားလာအောင် ဆောင်ရွက်ရန် အားနည်းနေတယ်လို့ တွေ့ရှိချက်မှာ တွေ့ရပါတယ်။ သုံးသပ်ချက်မှာလည်း မိမိတို့ရဲ့ မူရင်းလူမျိုးများရဲ့ အမည်များကို ပျောက်ကွယ်သွားခြင်းမရှိစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သင့်ကြောင်း တိုင်းရင်းသားလူမျိုးများအားလုံးကို ပြောတာလား၊ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ပြောတာလားဆိုတာကို ဒီမှာ ရှင်းရှင်းလင်းလင်း ဖော်ပြထားတာ မတွေ့ရပါဘူး။ ရည်ရွယ်ချက်နံပါတ်(၄)ဖြစ်တဲ့ လူငယ်ထုအတွင်း စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ညှိနှိုင်းကူညီဆောင်ရွက်ရန် ဆိုတဲ့အပိုင်းရဲ့ လုပ်ဆောင်ချက်ကိုလည်း အစီရင်ခံစာမှာ မတွေ့ရပါဘူး။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်၊ ကော်မတီရဲ့ အဓိကတာဝန်ဟာဆိုလို့ရှိရင် ဥပဒေပြုရေးဖြစ်ပါတယ်။ အဲဒီဥပဒေပြုရေးအပိုင်းဟာ အစီရင်ခံစာမှာ ပါဝင်မှု အားနည်းနေတာကို တွေ့ရပါတယ်။ ဥပမာအားဖြင့် HIV Law လို့ခေါ်တဲ့ ခုခံအားကျဆင်းမှုကူးစက်ပိုးရှိသူများနဲ့ ဆက်နွယ်ထိခိုက်ခံရသူများဆိုင်ရာ ဥပဒေဟာ ဆွေးနွေးဆဲမူကြမ်းထွက်ရှိပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကော်မတီကနေပြီးတော့ လေ့လာသုံးသပ်အကြံပြုချက်များ ပြုလုပ်ထားတာကို အစီရင်ခံစာမှာ မတွေ့ရပါဘူး။ အကြံပြုချက်မှာလည်းပဲ ကျန်းမာရေးအာမခံစနစ်ပေါ်ပေါက်စေရန် စတင်အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါတယ်လို့ ကော်မတီကနေပြီးတော့ အကြံပြုချက် ပေးထားပါတယ်။ ကျန်းမာရေးအာမခံစနစ်အနေနဲ့ မူကြမ်းလည်း ထွက်ရှိပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကျန်းမာရေးကော်မတီနဲ့ ပညာရှင်များက လုပ်ဆောင်လျက်ရှိပါတယ်။

ဒီဥပဒေဟာ ပြည်သူတွေနဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့ ဥပဒေဖြစ်သလို ပြည်သူတွေကလည်း အလွန်စိတ်ဝင်စားတဲ့ဥပဒေ ဖြစ်ပါတယ်။ မီဒီယာတွေမှာလည်း စဉ်ဆက်မပြတ် ပါနေတဲ့ဥပဒေဖြစ်ပါတယ်။ ကော်မတီအနေနဲ့ ပြည်သူတွေရဲ့လိုအပ်ချက်ကို အကောင်းဆုံး ဘယ်လိုဖြည့်ဆည်းဆောင်ရွက်ပေးနေလဲဆိုတာကို ကော်မတီရဲ့ အစီရင်ခံစာမှာ တင်ပြဖို့ အကြံပေးလိုပါတယ်။ ကော်မတီရဲ့ လုပ်ငန်းရပ်ထဲမှာ အရေးကြီးဆုံးဖြစ်တဲ့ အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇-၂၀၂၁ အကြောင်းကို အစီရင်ခံစာထဲမှာ ဖော်ပြထားတာကို မတွေ့ရပါဘူး။ တကယ်ဆိုရင် အမျိုးသားကျန်းမာရေးစီမံကိန်းကို စောင့်ကြည့်အကဲဖြတ်ခြင်းဆိုင်ရာ မူဘောင် Monitoring and Evaluation Framework ကို စာမျက်နှာ(၂၈)မှာ ဖော်ပြထားပြီး ဖြစ်ပါတယ်။ ဒီကျွန်မတို့ နိုင်ငံတော်ရဲ့ စီမံကိန်းတွေထဲမှာ အမျိုးသားကျန်းမာရေးစီမံကိန်းက အင်မတန်မှ ကောင်းမွန်ပြီးပြည့်စုံတဲ့ စီမံကိန်းလို့ပြောရင်လည်း မမှားပါဘူး။ ဘာလဲဆိုတော့ ရှုထောင့်ပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံနဲ့ ဆွဲထားတဲ့ စီမံကိန်း ဖြစ်ပါတယ်။ ဒီ Monitoring and Evaluation Framework ကို ကျွန်မတို့ သက်ဆိုင်ရာကော်မတီအနေနဲ့ ဒါမူဘောင်တစ်ခုအနေနဲ့ သုံးစွဲပြီးတော့မှ စောင့်ကြည့်လေ့လာမှုတွေ ပြုလုပ်ရန်လည်း အကြံပေးလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျန်းမာရေး၊ အားကစားနဲ့ ယဉ်ကျေးမှုဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေမှာ ထိန်းညှိခြင်းတွေ၊ သက်ဆိုင်ရာဥပဒေတွေကို သုံးသပ်ခြင်းတွေ၊ ကြားနာခြင်းတွေ၊ အမျိုးသားကျန်းမာရေးစီမံကိန်းကို ဝန်ကြီးဌာနတွေနဲ့ စောင့်ကြည့်ထိန်းညှိခြင်းတွေကို ဆက်လက်ပြုလုပ်သွားဖို့အတွက် အကြံပေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ဒီနေ့ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။

ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးနှင့် အားကစား၊ ယဉ်ကျေးမှုဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ အကြံပြုတင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာ အပိုဒ်(၄)၊ အပိုဒ်ခွဲ(ခ)မှာ ကျန်းမာရေး၊ အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံးအဖွဲ့ချုပ်၊ မြားပစ်အဖွဲ့ချုပ်တို့နဲ့ တွေ့ဆုံ၍ အားကစားလောက တိုးတက်ရေး၊ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးတို့နဲ့ ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။

ထို့အတူ တွေ့ရှိချက် အပိုဒ်(၇)မှာ အားကစားကဏ္ဍတွင် အားကစားအဖွဲ့ချုပ်များနဲ့ ပတ်သက်၍ ဒေသတွင်း နိုင်ငံတကာပြိုင်ပွဲများသို့ တာဝန်ယူဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များတွင် အတွေ့အကြုံရှိ လက်ရွေးစင်အားကစားသမား အများစုမှာ အသက်အရွယ် ကြီးရင့်သူများဖြစ်နေခြင်းနှင့် မျိုးဆက်သစ် အားကစားသမားများ ထပ်မံဖြည့်တင်းနိုင်မှု အခြေအနေ အားနည်းကြောင်း တွေ့ရှိရပါသည်။ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသူ အများစုမှာ ယခင်အစိုးရလက်ထက် တာဝန်ပေးအပ်ထားသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများဖြစ်ပြီး နိုင်ငံတကာ ပြိုင်ပွဲများအတွက် လိုအပ်သည့် ငွေကြေးစိုက်ထုတ်ပံ့ပိုးမှုများ အထိုက်အလျောက်ဆောင်ရွက်ပေးသော်လည်း အားကစားဖွံ့ဖြိုးတိုးတက်ရေးကိုသော်လည်းကောင်း၊ နိုင်ငံတကာပြိုင်ပွဲများ အောင်မြင်မှုရရှိရေး လုပ်ငန်းများအတွက်သော်လည်းကောင်း၊ ထဲထဲဝင်ဝင် စီမံလုပ်ကိုင် ဆောင်ရွက်နိုင်မှု အားနည်းကြောင်း တွေ့ရှိပါသည်။ ယခင်အစိုးရလက်ထက် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများအား နိုင်ငံတော်မှ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်များ ခွင့်ပြုချထားပေးခြင်းများကြောင့် အတိုင်းအတာတစ်ခုအထိ အားပေးဆောင်ရွက်ခဲ့မှုများ ရှိခဲ့သော်လည်း လက်ရှိအခြေအနေတွင် နိုင်ငံတော်မှ

လုပ်ကိုင်ခွင့်များ ချထားပေးခြင်း မရှိတော့သည့်အတွက် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ အများစုမှာ လုပ်ကိုင်ဆောင်ရွက်လိုစိတ်များ နည်းပါးလာကြောင်း တွေ့ရှိရပါသည်ဟု ဖော်ပြခဲ့ပါတယ်။

ဤအပိုဒ်နဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးလိုပါတယ်။ အားကစားကဏ္ဍ အောင်မြင်မှုရရှိလိုပါလျှင် အားကစားအတွက် သုံးသင့်သုံးထိုက်သော ငွေကြေးများကို လိုအပ်ပါတယ်။ အတွေ့အကြုံရှိတဲ့ အားကစားသမားများကို ထိုက်တန်တဲ့ အထောက်အပံ့ပေးမှုတွေ လုပ်ဖို့လိုပါတယ်။ စဉ်ဆက်မပြတ် လေ့ကျင့်မှုတွေ ဆောင်ရွက်စေမယ်ဆိုရင် အဲဒီလိုဆောင်ရွက်တဲ့အခါမှာ အားကစားသမားတွေကို ပေးမယ်၊ ကျွေးမယ်၊ မွေးမယ်ဆိုလို့ရှိရင် အောင်မြင်မှုရရှိနိုင်ပါကြောင်း တင်ပြလိုပါတယ်။

မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းရေးအတွက် ဆောင်ရွက်ရာမှာ အားကစားနဲ့ ကာယပညာသိပ္ပံကျောင်းများသာမက တိုင်းနှင့်ပြည်နယ်အသီးသီးမှာရှိနေတဲ့ မြို့နယ်များမှာ နွေရာသီ အားကစားသင်တန်းတွေ ဖွင့်လှစ်ပေးဖို့ လိုပါတယ်။ နောက်ပြီး အားကစားပြိုင်ပွဲတွေ များများလုပ်ပေးဖို့လိုပါတယ်။ ဥပမာ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကတ်ဘော၊ ပြေးခုန်ပစ် စတဲ့ ပြိုင်ပွဲတွေ လုပ်ပေးခြင်းဖြင့် ဝါသနာရှင်၊ ပါရမီရှင် အားကစားသမားကောင်းတွေ ပေါ်ထွက်လာနိုင်ပါတယ်။ နိုင်ငံတော်မှ လုပ်ပိုင်ခွင့်များချထားပေးခြင်းမရှိသဖြင့် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌအများစုမှာ လုပ်ကိုင်ဆောင်ရွက်လိုစိတ် နည်းလာတယ်လို့ ပြောထားပါတယ်။ အဲဒါဟာ ကျွန်တော်တို့ သိရသလောက်တော့ အမှန်ပဲဖြစ်ပါတယ်။ အဲဒီလိုဆိုရင် အဲဒီလို လုပ်လိုစိတ် မရှိတဲ့လူတွေကို အနားပေးပြီး လုပ်လိုစိတ်ရှိတဲ့သူတွေနဲ့ အစားထိုးလုပ်ကိုင်ဖို့ လိုအပ်ပါမယ်လို့ အကြံပြုတင်ပြလိုပါတယ်။

ဒါ့အပြင် လိုအပ်တဲ့ငွေကြေးများကိုလည်းပဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထိုက်ထိုက်တန်တန် ကျခံသုံးစွဲဖို့ လိုအပ်ပါတယ်။ နောက်ပြီး မြန်မာနိုင်ငံ အားကစားအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် နိုင်ငံတကာပြိုင်ပွဲများမှာ အောင်မြင်မှုရရှိရေးအတွက် ထူးချွန်တဲ့ အားကစားသမားများ မွေးထုတ်ပေးဖို့ လိုအပ်ပါတယ်။ ၎င်းအားကစားသမားများ ပေါ်ထွန်းရေးအတွက် နည်းပြကောင်းများနှင့် ဌားရမ်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ သို့အတွက် အားကစားဘတ်ဂျက်ကို ယခင်ထက် ပိုမိုသုံးစွဲဖို့ ကော်မတီအနေနဲ့ ဝန်ကြီးဌာနကို အကြံပြုတိုက်တွန်းပေးဖို့ တင်ပြလိုပါတယ်။

တွေ့ရှိချက် အပိုဒ်(၅)မှာ ပြည်သူ့ဆေးရုံ အများစုတွင် ရှားပါးဆေးဝါးများနှင့် တန်ဖိုးကြီး ဆေးဝါးများကို ဝယ်ယူသုံးစွဲနေကြရပြီး ဆေးဝါးအချို့ကိုသာ အခမဲ့ ကုသပေးနိုင်ကြောင်း တွေ့ရှိရပါတယ်။ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုဟု ဆိုသော်လည်း တကယ့်လက်တွေ့တွင် ရေရှည်မဖြစ်နိုင်ဘဲ အစိုးရအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေကြောင်း တွေ့ရှိရပါသည်ဟု ဖော်ပြထားပါတယ်။ ဒီနေရာမှာ တန်ဖိုးကြီးဆေးဝါးကလွဲပြီး ကျန်ဆေးဝါးများနဲ့ ပြည်သူကို အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးတာကို ပြည်သူအများစုက ကျေနပ်လက်ခံနေတာ ထုတ်ဖော်ပြောကြားထားတာတွေကိုလည်း ကျွန်တော်တို့ ကိုယ်တိုင် ကြားသိရပါတယ်။ အဲဒီလိုဆောင်ရွက်တာဟာ အစိုးရကို ဝန်ထုပ်ဝန်ပိုး ဖြစ်စေတယ်လို့ မယူဆပါဘူး။

ဒါကြောင့် ဒီအခြေအနေကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ပေးဖို့နဲ့ ဖြစ်နိုင်ရင် ဒီထက် အဆင့်မြင့်ဆောင်ရွက်ပေးဖို့ ကော်မတီအနေနဲ့ ဝန်ကြီးဌာနကို တိုက်တွန်းပေးစေချင်ပါတယ်။ ပုဂ္ဂလိက

ဆေးရုံအချို့ ငွေကြေးယူရာတွင် မြင့်မားနေသော်လည်း တကယ့်ဝန်ဆောင်မှုများ ကောင်းစွာ မပေးနိုင်ကြောင်း တွေ့ရှိရပါတယ်။ ဝန်ထမ်းအချို့မှလည်း အတွေ့အကြုံနည်းပါးနေသူများ၊ အရည်အချင်းမပြည့်သူများ၊ တာဝန်ထမ်းဆောင်နေကြပါတယ်လို့ ဆိုပါတယ်။ ဒီအချက်နဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ကြားသိရပါတယ်။ ဒီ့အတွက် ကော်မတီအနေနဲ့ အစိုးရဝန်ကြီးဌာနကို ကြပ်ကြပ်မတ်မတ် ကိုင်တွယ်ဆောင်ရွက်နိုင်ဖို့ တိုက်တွန်းပေးစေလိုကြောင်း အကြံပြုတင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ကျန်းမာရေးနှင့် အားကစားကဏ္ဍ ဆောင်ရွက်တဲ့နေရာမှာ ကျန်းမာရေးကဏ္ဍအနေနဲ့ အထိုက်အလျောက် တိုးတက်မှုရှိသော်လည်း အားကစားကဏ္ဍမှာ တိုးတက်မှုနှုန်း နည်းပါးတာကို တွေ့ရပါတယ်။ သို့အတွက် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီကို တိုက်တွန်းလိုတာကတော့ ဝန်ကြီးဌာနအနေနဲ့ ကျန်းမာရေးနဲ့အားကစားကို ငွေကြေးသုံးစွဲတဲ့နေရာမှာ အားကစားနဲ့ပတ်သက်ပြီး ယခုထက်ပိုမို သုံးစွဲခြင်းဖြင့် အားကစား အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁ဝး၅၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁ဝး၅၉ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၆ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၆။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင် ဆက်လက်ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၆။**

**ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာအပေါ် အားကစားကဏ္ဍနဲ့ စပ်လျဉ်းပြီး အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားသည် ကျန်းမာရေးသာမက နိုင်ငံရဲ့ ဂုဏ်သိက္ခာလည်းဖြစ်ပါတယ်။ တချို့နိုင်ငံတွေမှာတော့ အားကစားကဏ္ဍကနေ နိုင်ငံခြားငွေတွေ ရှာဖွေ ပေးနေတဲ့အတွက် စီးပွားရေးလည်းဖြစ်ပါတယ်။ ဒါ့ပြင် အားကစားဟာ စည်းလုံးညီညွတ်မှုနဲ့ နိုင်ငံ ချစ်စိတ်ကို နိုးကြားစေတဲ့အရာလည်းဖြစ်ပါတယ်။ ဒါကြောင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဟာ နိုင်ငံအတွက် အရေးကြီးပါတယ်။ ကော်မတီရဲ့ အားကစားကဏ္ဍ ဆောင်ရွက်ချက်တွေကို လေ့လာ ကြည့်တဲ့အခါမှာ အားကစားပြိုင်ပွဲတွေ တက်ရောက်ကြည့်ရှုခဲ့ခြင်းများနဲ့ အားကစားအဖွဲ့ချုပ် ဖြစ်တဲ့ ဘောလုံး၊ ခြင်းလုံး၊ မြားပစ် စတဲ့ အဖွဲ့ချုပ် (၃) ခုနဲ့ (၁) ကြိမ် တွေ့ဆုံခဲ့ခြင်းရှိခဲ့ပါတယ်။ နောင်ကာလ များမှာ ကျန်အားကစားအဖွဲ့ချုပ်များ၊ ဦးစီးဌာနက တာဝန်ရှိ ပုဂ္ဂိုလ်များနဲ့ တွေ့ဆုံနိုင်အောင် ကြိုးစား သင့်ပါကြောင်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျက်ရန်ပုံငွေ တိုးမြှင့်ချထားပေးဖို့ ကော်မတီရဲ့အကြံပြုချက်ကို ထောက်ခံပါတယ်။ အားကစားမျိုးဆက်သစ်များ၊ ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွန်းလာရေးအတွက် အခြေခံကျတဲ့ ကျောင်းတွေ၊ မြို့နယ်တွေမှာ အားကစားပြိုင်ပွဲတွေ ကျင်းပပေးနိုင်အောင် ရန်ပုံငွေတွေပံ့ပိုးပေးသင့်ပါတယ်။ ရန်ပုံငွေအခက်အခဲကြောင့် တချို့သောမြို့နယ်တွေမှာ မိုးရာသီဘောလုံးပြိုင်ပွဲတောင် ကျင်းပနိုင်ခြင်းမရှိတဲ့ အခြေအနေတွေ ဖြစ်ပေါ်နေပါတယ်။ ကော်မတီကို အကြံပြုလိုတာကတော့ ကွင်းဆင်းလေ့လာဖို့ လိုအပ်ကြောင်း ဖြစ်ပါတယ်။ အားကစား၊ ပညာရေး ပေါင်းစပ်သင်ကြားရေး အစီအစဉ်ဖြစ်တဲ့ အားကစားသိပ္ပံကျောင်း တွေရဲ့ လက်ရှိအခြေအနေ၊ အခက်အခဲ၊ ကျောင်းရဲ့ရည်မှန်းချက် ပေါက်မြောက်အောင်မြင်အောင် လေ့ကျင့်သင်ကြားပေးနိုင်ခြင်း ရှိ/မရှိ ကွင်းဆင်းလေ့လာဖို့လိုပါတယ်။ ဒါ့အပြင် ၂၀၁၃ ခုနှစ်က မြန်မာနိုင်ငံမှာကျင်းပခဲ့တဲ့ SEA Games အတွက် တည်ဆောက်ခဲ့တဲ့ အားကစားရုံ၊ အားကစားခန်းမ၊ အားကစားရွာက အဆောက်အအုံများရဲ့ လက်ရှိအခြေအနေ၊ ထိန်းသိမ်းထားရှိမှုအခြေအနေ၊ အနာဂတ်အတွက် ဘယ်လိုဆက်လက်အသုံးပြုသင့်တယ် ဆိုတဲ့ အကြံဉာဏ်တွေကို ပေးနိုင်အောင် ကွင်းဆင်းလေ့လာဖို့လိုအပ်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အထူးစိတ်ဝင်စားမိတာက ကော်မတီရဲ့အစီရင်ခံစာ အပိုဒ် ၇ မှာ ရေးသားဖော်ပြထားတဲ့ တွေ့ရှိချက်ပဲဖြစ်ပါတယ်။ ဒါကို ရှေ့က ကိုယ်စားလှယ်ကြီး ဦးကျော်သောင်း ကလည်း ဆွေးနွေးသွားပြီးဖြစ်ပါတယ်။ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသူ အများစုမှာ ယခင်အစိုးရလက်ထက်က တာဝန်ပေးအပ်ထားတဲ့ စီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြပြီး နိုင်ငံတော်မှ

လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်များ ခွင့်ပြုချထားပေးခြင်းများကြောင့် အတိုင်းအတာတစ်ခုအထိ အားပေးဆောင်ရွက်မှုများ ရှိခဲ့သော်လည်း လက်ရှိအခြေအနေတွင် နိုင်ငံတော်မှ လုပ်ပိုင်ခွင့်များ ချထားပေးခြင်းမရှိတော့သည့်အတွက် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌအများစုမှာ လုပ်ချင်၊ ကိုင်ချင်စိတ်များ နည်းပါးလာကြောင်း တွေ့ရှိရပါသည်လို့ ရေးသားဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားကဏ္ဍနဲ့ပက်သက်ပြီး လိုအပ်တဲ့ရန်ပုံငွေကို နိုင်ငံတော်က ပြည့်စုံလုံလောက်အောင် ချထားပေးနိုင်ခြင်းမရှိတဲ့ အချိန်ကာလ၊ အခြေအနေမျိုးမှာ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းခံရတဲ့ပုဂ္ဂိုလ်၊ လုပ်ငန်းရှင်များဟာ မိမိတို့၏ ကိုယ်ပိုင်ငွေကြေး၊ လုပ်အား၊ ကိုယ်ပိုင်အချိန်တွေကိုပေးပြီး နိုင်ငံတော်ကို ကူညီပံ့ပိုးခဲ့ကြတယ်လို့ သိထားပါတယ်။ နိုင်ငံတော်နဲ့လုပ်ငန်းရှင်တို့ အပြန်အလှန်ကျေးဇူးပြုတဲ့သဘောနဲ့ ယခင်အစိုးရများက ဆောင်ရွက်ခဲ့တယ်လို့ကျွန်တော်မြင်ပါတယ်။ သို့သော် အခုအချိန်မှာ အဆိုပါပုဂ္ဂိုလ်တွေဟာ မိမိတို့တာဝန်ယူထားတဲ့လုပ်ငန်းအပေါ်မှာ လုပ်ချင်၊ ကိုင်ချင်စိတ် နည်းပါးနေတာ အမှန်ဖြစ်နေပြီ ဆိုရင်တော့ အားကစားကို စိတ်ဝင်စားပြီး ဘာမက်လုံး၊ ဘာအခွင့်အရေးကိုမှ မမျှော်ကိုးတဲ့ နိုင်ငံတော်အတွက် အနစ်နာခံမယ့် ပုဂ္ဂိုလ်မျိုးရှိရင်တော့ဖြင့် လက်ရှိအစိုးရလက်ထက်မှာ အမြန်ရှာဖွေပြီး တာဝန်ပေးသင့်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကော်မတီရဲ့ တိတိကျကျ အကြံပြုထားတာလည်း မတွေ့ရပါဘူး။ အရေးကြီးတဲ့ကိစ္စဖြစ်တဲ့အတွက်ကြောင့် အမြန်အကောင်အထည်ဖော်နိုင်မယ့် အကောင်းဆုံးအကြံဉာဏ်ပေးသင့်ပါကြောင်း ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီအနေနဲ့ အစီရင်ခံစာ ပြုစုတင်ပြတဲ့နေရာမှာ အားနည်းချက်အချို့ကိုတွေ့ရပါတယ်။ အပိုဒ်လိုက်၊ ခေါင်းစဉ်နဲ့ အကြောင်းအရာဖော်ပြချက်တွေဟာ ရောထွေးနေတာကို တွေ့ရပါတယ်။ တွေ့ရှိချက် ဆိုတဲ့အပိုင်းမှာ သုံးသပ်တင်ပြထားတာတွေ ပါဝင်နေပြီးတော့ အကြံပြုချက်အပိုင်းမှာ ဖော်ပြရမယ့်အချက်တွေကို သုံးသပ်မှုအပိုင်းမှာ ဖော်ပြထားတာလည်း တွေ့နေရပါတယ်။ ဒါ့အပြင် ရှေ့နောက်အကြောင်းအရာတွေ ဝိရောဓိ ဖြစ်နေတာကိုလည်း တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် တွေ့ရှိချက်အပိုင်း(၅)မှာပါတဲ့ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ဆိုသော်လည်း တကယ်လက်တွေ့တွင် ရေရှည်မဖြစ်နိုင်ဘဲ အစိုးရအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေကြောင်းလို့ ဖော်ပြထားပြီးတော့၊ အပိုဒ် ၁၂ မှာ အပိုဒ် ၁၂ အကြံပြုချက် အပိုင်းမှာတော့ ဆင်းရဲနွမ်းပါးသည့် ပြည်နယ်များအတွက် (Free Medical Service) ကို ကျင့်သုံးသင့်သလို၊ အထက်အပိုင်းမှာကျတော့ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေတယ်လို့ ပြောထားပြီးတော့ ဒုတိယအပိုဒ်မှာကျတော့ ဆင်းရဲ နွမ်းပါးသည့် ပြည်နယ်များအတွက် ကျင့်သုံးသင့်တယ်လို့ ဖော်ပြထားတာ ဒါအကြောင်းအရာချင်း ဝိရောဓိ ဖြစ်နေတဲ့သဘော ဖြစ်နေပါတယ်။ နောက် အစီရင်ခံစာ ပြုစုတင်ပြတဲ့နေရာမှာ သတိပြု ဆင်ခြင်နိုင်စေရန် တင်ပြရခြင်း ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြရရင် ကော်မတီဟာ အရည်အချင်းရှိတဲ့ပုဂ္ဂိုလ်များနဲ့ ဖွဲ့စည်းထားတဲ့ကော်မတီဖြစ်တာကြောင့် ကော်မတီရဲ့လုပ်ငန်းတွေကို ဒီထက်ပိုမိုအောင်မြင်အောင် စွမ်းဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။ ဒီအတွက် နောက်နောင် လွှတ်တော်ကို တင်သွင်းမယ့် အစီရင်ခံစာတွေမှာ ဒီထက်ပိုမိုကောင်းမွန်တဲ့ ဆောင်ရွက်ချက်များနဲ့အတူ ကောင်းမွန်ပြည့်စုံတဲ့

အစီရင်ခံစာများအဖြစ် တင်သွင်းနိုင်ပါစေကြောင်း ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၂။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ ကြိုဆိုထောက်ခံပြီးတော့ တချို့ အကြံပြုချက်များ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကော်မတီရဲ့အစီရင်ခံစာမှာ အဓိကအားဖြင့် ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကိစ္စရပ်များကို တင်ပြထားပြီးတော့မှ ယဉ်ကျေးမှုဆိုင်ရာကိစ္စတွေကို ဖော်ပြမှုနည်းပါးတဲ့အတွက်ကြောင့်မို့လို့ ယဉ်ကျေးမှုဆိုင်ရာကိစ္စတွေမှာ အခုထက်ပိုပြီးတော့မှ ဆောင်ရွက်ဖို့ အကြံပြုတင်ပြလိုပါတယ်။ ဥပမာဆိုလို့ရှိရင် ဒီ တွေ့ဆုံပွဲတွေ၊ အခမ်းအနား တက်ရောက်တဲ့ပွဲတွေမှာဆိုလို့ရှိရင် ယဉ်ကျေးမှုဆိုင်ရာနဲ့ ပတ်သက်တဲ့ ဥပမာ ယဉ်ကျေးမှုဝန်ကြီးဌာနသော်လည်းကောင်း သို့မဟုတ် တခြားယဉ်ကျေးမှုနဲ့ဆိုင်တဲ့ အခမ်းအနားတွေမှာ တက်ရောက်မှုနည်းပါးပါတယ်။ အဲဒီအပြင် ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားလူမျိုးတွေနဲ့ ပတ်သက်ပြီးတော့မှ စာပေ၊ ယဉ်ကျေးမှုကော်မတီတွေရှိပါတယ်။ အဲဒီကော်မတီတွေနဲ့တွေ့ဆုံပြီးတော့မှ တိုင်းရင်းသားလူမျိုးတွေရဲ့ ယဉ်ကျေးမှု၊ စာပေနဲ့ ဂီတ ဒါတွေကို တိုးမြှင့်အောင်လုပ်ဖို့ ကျွန်မအနေနဲ့ အကြံပြုတိုက်တွန်းချင်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ဒီတိုင်းရင်းသားလူမျိုးတွေရဲ့ စာပေ၊ ယဉ်ကျေးမှုတွေဟာ ကျွန်မတို့နိုင်ငံရဲ့ အဖိုးမဖြတ်နိုင်တဲ့၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ အမျိုးသား အမွေအနှစ်တွေ ဖြစ်သလို သယံဇာတတွေလည်းဖြစ်ပါတယ်။

ဒီယဉ်ကျေးမှုလုပ်ငန်း၊ ဒီယဉ်ကျေးမှုတွေနဲ့ ဆက်စပ်နေတဲ့ ခရီးသွားလုပ်ငန်းကဏ္ဍ တိုးတက်ဖို့အတွက် ကော်မတီအနေနဲ့ပေါ့နော်။ ဒီသက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ချိတ်ဆက်ပြီးတော့မှ ဆောင်ရွက်ဖို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ခရီးသွားလုပ်ငန်းဟာ နိုင်ငံတော်မှာ ဝင်ငွေ အများဆုံး၊ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍမှာ ဝင်ငွေ အများဆုံး ရရှိပြီးတော့မှ ကျွန်မတို့အနေနဲ့ ရင်းနှီးမြှုပ်နှံမှု နည်းပါးတဲ့ကဏ္ဍဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီယဉ်ကျေးမှုကဏ္ဍကို တိုးတက်ဖို့အတွက် ကော်မတီအနေနှင့် အများကြီးဆောင်ရွက်ဖို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။

အဲဒီအပြင် ကျွန်မတို့ လက်ရှိရှိနေတဲ့ တိုင်းရင်းသားတွေရဲ့ တချို့ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတွေဟာ ခေတ်နဲ့မကိုက်ညီတော့ဘူး။ နောက်တစ်ခါကျတော့ ကျွန်မတို့ ခေတ်နောက်ကျနေတယ်။ အဲဒီအပြင် ကျွန်မတို့ အခုနိုင်ငံတော်က ကျင့်သုံးနေတဲ့မူဝါဒတွေနဲ့ မကိုက်ညီပါဘူး။ ဥပမာဆိုလို့ရှိရင် ကျွန်မတို့ နာဂလိုမျိုး၊ ချင်းလိုမျိုး တိုင်းရင်းသားဒေသတွေမှာရှိတဲ့ ဓလေ့ထုံးတမ်း အစဉ်အလာတွေဟာ ကျွန်မတို့ အမျိုးသမီးတွေအတွက် အများပဲ နစ်နာစေပါတယ်။ ဥပမာဆိုလို့ရှိရင်

အမွေဆက်ခံခွင့်တွေမှာဆိုလို့ရှိရင် ကျွန်မတို့ ဒီ အမျိုးသမီးတွေကို အမွေဆက်ခံခွင့်ပေးတာ နည်းပါတယ်။ မြေယာပိုင်ဆိုင်မှုနဲ့ပတ်သက်လို့သော်လည်းကောင်း၊ တခြားပိုင်ဆိုင်မှုနဲ့ပတ်သက်လို့သော်လည်းကောင်း၊ နောက်တစ်ခါမှာ ပညာသင်ကြားခွင့်နှင့် လက်ထပ်ထိမ်းမြားခွင့်တွေမှာလည်း ကျွန်မတို့ အမျိုးသမီးတွေအနေနဲ့ အများကြီးပဲ ဆုံးရှုံးနေပါတယ်။

အဲဒီလိုပဲ မျိုးဆက်ပွားနဲ့ပတ်သက်တဲ့ ကဏ္ဍတွေမှာလည်း အမျိုးသမီးတွေအနေနဲ့ မနိုင်ဝန်ထမ်းနေရတာတွေရှိပါတယ်။ နောက်ပြီးတော့မှ အသိပညာ နည်းပါးနေတာတွေလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ကော်မတီအနေနဲ့ ကျန်းမာရေးနဲ့ ယဉ်ကျေးမှုဆက်စပ်နေတဲ့ ကော်မတီဖြစ်တဲ့အတွက်ကြောင့်မို့လို့ တိုင်းရင်းသားဒေသ အထူးသဖြင့် ဝေးလံခေါင်ဖျားက ဒေသမှာ ရှိတဲ့ အမျိုးသမီးတွေရဲ့ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကဏ္ဍတွေမှာ ဒီထက်ပိုပြီးတော့မှ ဆောင်ရွက်သင့်ပါတယ်။ အဲဒီဒေသတွေကိုလည်း ကွင်းဆင်းစစ်ဆေးပြီးတော့မှ အဲဒီဒေသ ကိုယ်စားလှယ်ကြီးများနဲ့လည်း ကျွန်မတို့ တွေ့ဆုံဆွေးနွေးမှုတွေပြုပြီးတော့မှ လိုအပ်တဲ့ မူဝါဒ၊ နောက်တစ်ခါမှာ ပြုပြင်ပြင်ဆင်ဖို့ လိုအပ်တဲ့ ဥပဒေတွေ၊ အသစ်ရေးဆွဲ ပြဋ္ဌာန်းဖို့လိုတဲ့ မူဝါဒတွေ၊ ဥပဒေတွေကို ကော်မတီအနေနဲ့ ရှေ့ဆက်လုပ်ငန်းတွေမှာ ဆောင်ရွက်မယ်ဆိုပြီး ဆောင်ရွက်မယ်ဆိုလို့ရှိရင် ပိုပြီးတော့ ပြည့်စုံမယ်လို့ ကျွန်မအနေနဲ့ အကြံပြုချင်ပါတယ်။

အဲဒီအပြင် ကျွန်မတို့နိုင်ငံဟာ ယဉ်ကျေးမှုထွန်းကားတယ်။ ကိုယ်စားလှယ်တော်ကြီးများကလည်း ကျွန်မတို့ ဒီမေးခွန်းတွေ၊ အဆိုတွေမှာ ရှေးဟောင်းယဉ်ကျေးမှုမြို့တော်တွေပေါ့နော်။ ကျွန်မတို့ ပျောက်ကွယ်နေတယ်။ အဲဒါတွေနဲ့ ပက်သက်ပြီးတော့မှ ပြန်လည်ဖော်ထုတ်ဖို့လည်း တင်ပြထားပါတယ်။ အဲဒီလို မြို့တော်တွေကို၊ မြို့ဟောင်းတွေကို ပြန်လည်ဖော်ထုတ်ပြီးတော့မှ ကျွန်မတို့ ဒီ ခရီးသွားကဏ္ဍမှသော်လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းတဲ့ကဏ္ဍမှသော်လည်းကောင်း၊ ကျွန်မတို့ ပြန်လည်ပြီးတော့မှ ပိုပြီးတော့မှ ရင်းနှီးမြှုပ်နှံမယ်၊ ပိုပြီးတော့မှ သုတေသနတွေလုပ်ဖို့အတွက် ကော်မတီအနေနဲ့ တိုက်တွန်းပြီးတော့မှ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ကျွန်မတို့နိုင်ငံရဲ့ ဒီယဉ်ကျေးမှုအမွေအနှစ်တွေကို ကမ္ဘာပေါ်မှာ ကမ္ဘာမှာ ပိုပြီးတော့မှ ကျွန်မတို့ ထင်ရှားစေမှာဖြစ်သလို ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာတွေမှာလည်း ကျွန်မတို့က ဆက်လက်ပြီးတော့မှ ရေရှည်မှာ ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။

နောက်တစ်ဆင့် ကျွန်မအနေနဲ့ ဒီ အားကစားနဲ့ပတ်သက်ပြီးတော့မှ တင်ပြချင်တာကတော့ ကျွန်မတို့ ဒီ မြို့နယ်အဆင့်ပေါ့ ဒီ အားကစားနဲ့ အားကစားကော်မတီတွေရဲ့ဆောင်ရွက်မှုတွေ အားနည်းနေတာကို ကျွန်မတို့ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကော်မတီအနေနဲ့ ဒီ ကျွန်မတို့ပေါ့နော် Overside လုပ်ရမယ့် ကိစ္စတွေ ရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ မြို့နယ်သက်ဆိုင်ရာ ကိုယ်စားလှယ်များနဲ့လည်း ကျွန်မတို့ ဆွေးနွေးပြီးတော့မှ ဒီမြို့နယ်ကျန်းမာရေးကော်မတီတွေ၊ အားကစားကော်မတီတွေကို ကျွန်မတို့က ပြန်လည်ပြီးတော့မှ အသက်ဝင်နိုင်ဖို့ ပိုပြီးတော့မှ ထိထိရောက်ရောက်နဲ့ လှုပ်ရှားနိုင်ဖို့ အတွက်ကို ကော်မတီအနေနဲ့ ဆွေးနွေးပွဲတွေ လုပ်ပြီးတော့မှ ကျွန်မတို့ အကြံပြုလိုပါတယ်။ အကြံပြုစေလိုပါတယ်။ အဲ့ဒီအပြင် ကျွန်မတို့ဒီ ကျွန်မတို့နိုင်ငံမှာ ဒီ ခုနကလိုမျိုးပေါ့။ အားကစားကို မြှင့်တင်ချင်တယ်ဆိုရင် ကျွန်မက တင်ပြချင်တာကတော့ အမျိုးသမီးနဲ့ဆိုင်တဲ့ ကဏ္ဍကို အထူးတင်ပြ

ချင်ပါတယ်။ ဖူဆယ်အားကစားမှာဆိုလို့ရှိရင် ကျွန်မတို့ အမျိုးသမီး ဖူဆယ် ဒီ အသင်းဟာဆိုလို့ရှိရင် ကျွန်မတို့ အဆင့်မီပါတယ်။

ဒါပေမယ်လို့ ပြည်တွင်းမှာ အမျိုးသမီးနဲ့ဆိုင်တဲ့ ဖူဆယ်အားကစားပွဲတွေ မရှိတဲ့အတွက် ကြောင့်မို့လို့ ကျွန်မအနေနဲ့ ဒီကော်မတီအနေနဲ့ပေါ့ အမျိုးသမီးအားကစားသမားတွေနဲ့ နိုင်ငံ့ ဂုဏ်ဆောင်နိုင်တဲ့ အားကစားကဏ္ဍတွေကို ဖော်ထုတ်ပြီးတော့မှ ကျွန်မတို့နိုင်ငံမှာ မကျင်းပသေးတဲ့ အမျိုးသမီး အားနည်းနေတဲ့ ဒီအားကောင်းပေမယ့်လို့ပေါ့။ ကျင်းပခြင်းမရှိတဲ့ အားကစားကဏ္ဍတွေကို ကော်မတီအနေနဲ့ လေ့လာပြီးတော့မှ ဖော်ထုတ်ပြီးတော့မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတွေ အထူးသဖြင့် အမျိုးသမီးအားကစားကဏ္ဍကို မြှင့်တင်ပေးဖို့ ကော်မတီအနေနဲ့ ကြိုးစားပြီးတော့မှ ဒီထက်ပိုပြီးတော့မှ ဆောင်ရွက်စေလိုပါတယ်။ နောက်တစ်ခုကလည်း ဒီအားကစားနဲ့ပတ်သက်တဲ့ ကျွန်မတို့ အသုံးစရိတ်ပေါ့နော်။ အသုံးစရိတ်တွေ ပိုပြီးတော့မှ ပြဋ္ဌာန်းနိုင်ဖို့ အားကစားနဲ့ပတ်သက်တဲ့ မူဝါဒတွေရယ်၊ လက်တွေ့ကျတဲ့ ကျွန်မတို့ အစီအစဉ်တွေမှာ မဟာဗျူဟာတွေမှာ ကျွန်မတို့ သက်ဆိုင်ရာ ဆက်စပ်ကော်မတီများနဲ့ ပူးပေါင်းပြီးသော်လည်းကောင်း၊ ကိုယ်စားလှယ်များနဲ့ ပူးပေါင်း ပြီးသော်လည်းကောင်း၊ တခြားဆောင်ရွက်နေတဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ တခြားအဖွဲ့အစည်း များနဲ့ ပူးပေါင်းပြီးသော်လည်းကောင်း အားကစားကဏ္ဍမှာ ရန်ပုံငွေတစ်ရပ် ထူထောင်နိုင်ဖို့အတွက်ပေါ့။ ကျွန်မတို့ ဒါကိုလည်း တိုက်တွန်းပြီးတော့မှ ဆောင်ရွက်စေချင်ပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်မ တင်ပြချင်တာကပေါ့နော် ဒီ အားကစားကော်မတီ ဒီကော်မတီရဲ့ ဆောင်ရွက်မှုအစီရင်ခံစာမှာ လုပ်ငန်းတွေလည်း အများကြီးဆောင်ရွက်ထားပါတယ်။ အစီရင်ခံစာ မှာလည်း ကောင်းမွန်တဲ့အချက်တွေ အများကြီး ပါဝင်ပါတယ်။ ဒါကြောင့်မို့ ကျွန်မ နောက်အစီရင်ခံစာ မှာ ဒီထက်ပိုပြီးတော့မှ ပိုမိုကောင်းမွန်တဲ့ လုပ်ငန်းတွေ ဆောင်ရွက်ပြီးတော့မှ တင်ပြနိုင်ပါစေလို့ ဆန္ဒပြုရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၅။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။　　။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ ကျန်းမာရေး၊ အားကစားနဲ့ ယဉ်ကျေးမှုကော်မတီက တင်သွင်းတဲ့ အစီရင်ခံစာအပေါ်မှာ ဆက်လက် ဆောင်ရွက်စရာရှိတဲ့ ကိစ္စရပ်များအပေါ်မှာ အကြံပြုသုံးသပ်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ အားကစားကဏ္ဍဟာ လတ်တလောမှာတော့ အရေးကြီးတယ်လို့ မထင်ရပေမယ့် ရေရှည်မှာတော့ စမတ်ကျတဲ့ နိုင်ငံ၊ ဂုဏ်သိက္ခာမြင့်မားတဲ့

နိုင်ငံတစ်ခု တည်ဆောက်မယ်ဆိုရင်ဖြင့် မည်သည့်အစိုးရမျိုးကမှ အားကစားရဲ့ အခန်းကဏ္ဍကို လျစ်လျူပြစ်ပယ်လို့မရဘူးဆိုတာကိုတော့ အားလုံးသတိချပ်ရမှာ ဖြစ်ပါတယ်။ အားကစားအခန်း ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရဲ့ ပြယုဂ်တစ်ခုဖြစ်တာကိုလည်း ငြင်းပယ်လို့ မရပါဘူး။ ၁၉၆၂ ခုနှစ် မတိုင်မီကာလ ကျွန်တော်တို့နိုင်ငံရဲ့ ဓနဥစ္စာ စီးပွားနဲ့ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဟာ ဘယ်လောက်ထိ တိုးတက်မြင့်မားခဲ့တယ်ဆိုတာ ကျွန်တော်တို့ ကိုယ်စားလှယ် တော်ကြီးများအားလုံး သိပြီးဖြစ်ပါလိမ့်မယ်။ ဒီခေတ်ကာလကုန် ဆယ်စုနှစ်ကျော်ကာလများမှာတော့ မြန်မာအားကစား ကမ္ဘာကိုလွှမ်းရမည် ဆိုတဲ့ ဆောင်ပုဒ်အောက်မှာပဲ ကျွန်တော်တို့ရဲ့ အားကစား လောကအဆင့်အတန်းဟာ နိမ့်ကျသွားပြီး နိုင်ငံ့စီးပွားရေးဟာလည်း ချွတ်ခြုံကျခဲ့ရတဲ့ အနေအထားမျိုး ရောက်ခဲ့တာကိုတော့ အားလုံးသင်ခန်းစာ ယူကြရမှာဖြစ်ပါတယ်။

ဒါကြောင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ အားကစားကို ပိုမိုစိတ်ပါဝင်စားသူ မြင့်တက်လာပြီး၊ ကျန်းမာကြံ့ခိုင်တဲ့ နိုင်ငံသူနိုင်ငံသားများ ပေါ်များလာပြီး၊ ပေါ်များလာတဲ့ နိုင်ငံသူ နိုင်ငံသားများဟာ နိုင်ငံ့ရဲ့ ကျန်းမာရေးစရိတ်ကို အလိုလိုချွေတာပြီးသားလည်း ဖြစ်စေပါတယ်။ ကျန်းမာကြံ့ခိုင်တဲ့ မြန်မာ့လူ့ဘောင်ကို တည်ဆောက်ရာမှာ နိုင်ငံကို အလုပ်အကျွေးပြုမယ့် ကျန်းမာ သန်စွမ်းတဲ့ နိုင်ငံသူ၊ နိုင်ငံသားဝန်ထမ်းကောင်းတွေ အများအပြား လိုအပ်လှပါတယ်။ ဒါကြောင့် ကျေးလက်ဒေသနဲ့ မြို့ပြတိုင်းမှာ ပြည်သူလူထုအများစု ပါဝင်နိုင်တဲ့ အားကစားကဏ္ဍတွေကို မြှင့်တင်ပေးဖို့နဲ့ အားကစားကွင်းတွေ၊ အားကစားရုံတွေ၊ အားကစားပစ္စည်းတွေ ပြည့်ပြည့်စုံစုံနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ နိုင်ငံတော်အစိုးရအနေနဲ့ ရေတိုရေရှည် စီမံကိန်းများ၊ မူဝါဒများ ချမှတ်ထားဖို့ လိုအပ်နေပြီဖြစ်ပါကြောင်းလည်း အကြံပြု လိုပါတယ်။ နိုင်ငံရဲ့ပုံရိပ်ကို မြှင့်တင်ရာမှာ အားကစားရဲ့ကဏ္ဍဟာ အရေးပါလို့ အခြေခံပညာအဆင့်၊ တက္ကသိုလ်အဆင့်၊ ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲတွေ၊ ဝန်ကြီးဌာနအလိုက် တပ်မတော် ကြည်း၊ရေ၊လေ အားကစားပြိုင်ပွဲတွေ၊ တိုင်းနဲ့ ပြည်နယ်နဲ့ နိုင်ငံတော်အဆင့် အမျိုးသား အားကစားပြိုင်ပွဲတွေမှ တည်ပြီးတော့မှ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်အဆင့်များပါမကျန် အားကစား ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးခြင်းအားဖြင့် လူထုကို အားကစားဘက်မှာ ပိုမိုစိတ်ဝင်စားလာအောင် ဆွဲဆောင်ကြရမှာဖြစ်ပါတယ်။ ဒါမှသာလျှင် လူထု အားကစား Mass Sport မှ ယှဉ်ပြိုင်အားကစား Excellent Sport သို့ ကူးပြောင်းရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တို့နိုင်ငံမှာ သတိထားရမှာကတော့ တစ်နေ့တခြား ကျန်းမာရေးချို့တဲ့သူတွေ တစ်နေ့တခြား များပြားလာတာ၊ ဆီးချို၊ သွေးချို၊ နှလုံးရောဂါသည်တွေ ပေါ်များနေတာ၊ ကင်ဆာရောဂါသည်တွေ ပေါ်များလာတာ၊ ကူးစက်ရောဂါတွေ တိုးပွားနေတာ၊ အရက်သေစာသောက်စားမှု တိုးပွားနေတာ၊ အထူးသဖြင့် မူးယစ်ဆေးဝါးသုံးစွဲတဲ့ လူငယ်တွေ အလွန်များပြားလာခြင်းဟာ ကျန်းမာရေးအတွက် အားကစားရဲ့ အခန်းကဏ⊞ဍ ပျောက်ပါး၊ နိမ့်ပါးမှုရဲ့ ရလဒ်တွေဖြစ်တယ်ဆိုတာ ငြင်းပယ်လို့ မရတော့ပါဘူး။ မြန်မာအားကစားကို ဂိမ်းအဆင့်မှ Business အဆင့် ကူးပြောင်းစေဖို့ အားကစားနဲ့ပညာရေး ပေါင်းစပ်အစီအစဉ်များ လက်တွေ့အကောင်အထည် ဖော်ဖို့၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များရဲ့ သင်ရိုးညွှန်းတမ်းများမှာ မသင်မနေရ

ဘာသာရပ်အဖြစ် ထည့်သွင်းသင်ကြားနိုင်ဖို့၊ ထူးချွန်ထက်မြက်တဲ့အားကစားသမားတွေကို နိုင်ငံတကာသို့ တရားဝင်သွားရောက်ခွင့်ပြုပေးနိုင်တဲ့ မူဝါဒတွေ ချမှတ်ပေးနိုင်ဖို့၊ အားကစားရဲ့ အခန်းကဏ္ဍကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မြှင့်တင်ပေးနိုင်ဖို့၊ Sports University လို အားကစားဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခုကို နိုင်ငံ့ရဲ့အချက်အချာကျတဲ့ နေပြည်တော်လို နေရာမျိုးမှာ တည်ဆောက်ခွင့် ပေးနိုင်ဖို့၊ နိုင်ငံတော်အစိုးရသို့ ကော်မတီအနေနဲ့ တိုက်တွန်းတဲ့အဆိုမျိုးကို တင်သွင်းသင့်တယ်လို့ အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလျဉ်းသင့်လို့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဖွင့်လှစ်ထားတဲ့ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်နဲ့ မုံရွာမြို့များမှာ ဖွင့်လှစ်ထားတဲ့ အား/ကာ သိပ္ပံများနဲ့ပက်သက်လို့ အနည်းငယ်ဆွေးနွေးလိုပါသေးတယ်။ ဒီ အား/ကာသိပ္ပံများဟာ ကျွန်တော်တို့နိုင်ငံအတွက် ထူးချွန် ထက်မြက်တဲ့အားကစားသမားကောင်းတွေ မွေးထုတ်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွင့်လှစ်သင်ကြား ခဲ့တာ ဖြစ်ပါတယ်။ ဒီ အား/ကာသိပ္ပံကို တက်ရောက်ဖို့ အသက် (၁၆) နှစ်အောက်၊ အရပ် (၅) ပေ (၅) လက်မရှိပြီး အခြေခံပညာအလယ်တန်းအဆင့်ရှိတဲ့ အားကစားထူးချွန်တဲ့သူများကို စိစစ်ရွေးချယ်ပြီး (၈)တန်း၊ (၉)တန်း၊ (၁၀)တန်း အတန်းပညာများကို ဆက်လက်သင်ယူစေကာ ဘောလုံး၊ ဘော်လီဘော၊ ကြက်တောင်၊ ခြင်းလုံး၊ ရေကူး၊ တင်းနစ်၊ မြားပစ် စတဲ့ အခြားအားကစားနည်းမျိုးစုံ ပညာရပ်များ ကိုလည်း သူ့ event အလိုက် နိုင်ငံတော်အစိုးရစရိတ်နဲ့ အား/ကာသိပ္ပံများမှာ အတန်းပညာများနဲ့ အတူ အားကစားပညာရပ်များကို (၃)နှစ်တိုင်တိုင် တက်ရောက်သင်ယူခဲ့ကြရပါတယ်။ အားကစား သိပ္ပံမှာ (၃)နှစ် တက်ရောက်ပြီး (၁၀)တန်း အောင်မြင်ခဲ့ပါက Sports Major နဲ့ မန္တလေးတက္ကသိုလ် သို့မဟုတ် ရန်ကုန်တက္ကသိုလ်မှာ (၄) နှစ် တက်ရောက်ပြီး Sports Major နဲ့ ဘွဲ့ရခဲ့ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှာ အား/ကာ ဒုတိယဦးစီးအဖြစ် ခန့်အပ်တာဝန်ပေးမယ်လို့ သိရှိရပါတယ်။

သို့သော် အဲဒီမှာ သက်ဆိုင်ရာအတန်းပညာအတွက် ဘာသာရပ်အားလုံးကို အချိန်ပိုင်းနဲ့ သင်ယူနေရတဲ့ မိမိကျွမ်းကျင်တဲ့ အားကစားဘာသာရပ်ကိုလည်းသင်ရ၊ ညနေပိုင်းလည်း Training ဆင်းရ ဆိုတော့ ကျောင်းသားများဟာ အရမ်းပင်ပန်းလှပြီး အား/ကာသိပ္ပံတက်ရောက်သူ တော်တော် များများဟာ အတန်းစာများကို ပြည့်ပြည့်ဝဝမလိုက်နိုင်တော့ပါဘူး။ အား/ကာသိပ္ပံအလိုက် အားကစား ပြိုင်ပွဲများဟာလည်း စာမေးပွဲနီးမှ ယှဉ်ပြိုင်ရတာဖြစ်တဲ့အတွက် အောင်မြင်မှုရလဒ်ဟာ မကောင်း လှပါဘူး။ ပိုဆိုးတာက အတန်းပညာမှာ (၂)နှစ်ကျလို့ အား/ကာသိပ္ပံကနေ ထွက်ရပြီဆိုရင် အဲဒီ ကျောင်းသားဟာ ပြင်ပလောကကို ရောက်ရှိသွားပြီး အတန်းပညာလည်း ကောင်းကောင်းမတတ်၊ အားကစားနဲ့လည်း ဘဝရပ်တည်လို့မရတဲ့အချိန်မှာ တောင်မရောက်ဘဝ၊ မြောက်မရောက်ဘဝနဲ့ သူတို့ရဲ့ အနာဂတ်တွေ ပျောက်ခဲ့ရပါတယ်။ သူတို့လေးတွေရဲ့ဘဝက ကျွမ်းကျင်တဲ့ အားကစားသမား ဘဝနဲ့ ဘဝရပ်တည်ချင်သူတွေပါ။ ဒါကြောင့်မို့လို့ အား/ကာသိပ္ပံတိုင်းမှာ ဖြစ်နေတဲ့ပြဿနာကို ပညာရေးကို အဓိကသင်ကြားတဲ့နေရာမှာ ကော်မတီအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ တာဝန်ရှိ ပုဂ္ဂိုလ်များနဲ့ အား/ကာသိပ္ပံတာဝန်ရှိသူများနဲ့ တွေ့ဆုံညှိနှိုင်းပြီးတော့မှ ဘယ်လိုကုစားပြီး အဖြေရှာ မယ်ဆိုတာ အကြံပြုလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ကတော့ ကျန်းမာရေးဝန်ကြီးဌာနဟာ အင်မတန်အလုပ်များတဲ့ဌာနဖြစ်ပြီး အရေးကြီးတဲ့ကိစ္စရပ်များကို ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် အားကစားပညာရပ်များကိုကျွမ်းကျင်သူ၊ နိုင်ငံတကာအားကစားများကိုသိမြင်သူ၊ အသက် (၅၀) နဲ့ (၆၀)ဝန်းကျင်ရှိ နိုင်ငံ့လက်ရွေးစင်ဖြစ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို အားကစား၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တိုက်တွန်းပေးပါရန် ကော်မတီသို့အကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၈။**

**ဒေါက်တာစန်းမောင်မောင်(အတွင်းရေးမှူး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစား နှင့်ယဉ်ကျေးမှုဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးသွားကြတဲ့ ကိုယ်စားလှယ်ကြီးများကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် ဆွေးနွေးသွားတဲ့ အထဲမှာ ဆိုလို့ရှိရင် ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ အပြုသဘောဆောင်တဲ့ အကြံပြုချက်တွေ၊ အားကစားနဲ့ ပတ်သက်ပြီးတော့ အပြုသဘောဆောင်တဲ့ အကြံပြုချက်များကို မှတ်သား၍လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာဒေါ်တင်တင်ဝင်း ဆွေးနွေးသွားတဲ့ ဝန်ထမ်းများ လျော့နည်းခြင်းနဲ့ပတ်သက်ပြီးတော့ အကြံပြုဆွေးနွေးချက်ကိုသော်လည်းကောင်း၊ ဝန်ထမ်းများ အပြောင်းအရွှေ့နဲ့ ဝန်ထမ်းများရဲ့လုံခြုံရေးနဲ့ စားဝတ်နေရေးတွေကို အဆင်ပြေပြေ ချောမွေ့ ဆောင်ရွက်ပေးရန် အကြံပြုချက်တွေကိုလည်းကောင်း၊ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)ရဲ့ အကြံပြုဆွေးနွေးချက်ဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံကဲ့သို့ မြန်မာနိုင်ငံရဲ့ တိုင်းရင်းဆေး၊ ထိုးဆေးများကို ထုတ်လုပ်ပေးရန် အကြံပြုချက်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး အကြံပြုဆွေးနွေးသွားတဲ့ တိုင်းရင်းသားစာပေ ယဉ်ကျေးမှုဆိုင်ရာ ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ AIDS

နဲ့ပတ်သက်ပြီးတော့ NGO အဖွဲ့ရဲ့ ပုဂ္ဂိုလ်(၃)ဦးနဲ့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီပုဂ္ဂိုလ်(၃)ဦးဟာ ပြည်သူ့လွှတ်တော်မှာရှိတဲ့ ကျန်းမာရေးကော်မတီနဲ့ မတွေ့ဆုံရသေးပါဘူး။

အဲဒီဆက်လက်ပြီးတော့ လွှတ်တော်ရဲ့ဆဋ္ဌမပုံမှန်အစည်းအဝေးကျမှ ဒီဥပဒေ ဆက်လက်အကောင်အထည်ဖော်ဖို့ရန်အတွက် ဆက်လက်ဆွေးနွေးသွားမယ် ဆိုတဲ့အကြောင်းကို ဆွေးနွေးခဲ့ကြပါတယ်။ နောက် ကျန်းမာရေးအာမခံစနစ်ထားရှိရန်အတွက် ပြည်သူ့လွှတ်တော်မှာ ဆိုလို့ရှိရင် အဆိုတင်သွင်းပြီး ဖြစ်တဲ့အတွက်ကြောင့် ကျန်းမာရေးစနစ် ထားရှိခြင်းအပေါ်လည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမယ် ဆိုတဲ့အကြောင်း ပြောကြားလိုပါတယ်။ နောက်အစီရင်ခံစာတစ်ခုမှာ အမျိုးသားကျန်းမာရေးစီမံကိန်း Monitoring and Evaluation Framework ကို ဖော်ပြရန်အကြံပြုတဲ့အတွက် အဲဒါကိုလည်း လေးနက်စွာမှတ်သားထားပါတယ်။ ဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် ဝန်ကြီးဌာနနဲ့ ဆွေးနွေးညှိနှိုင်းမှုများဆောင်ရွက်ရန် အကြံပေးချက်ကိုလည်း ကျွန်တော်တို့ လေးနက်စွာ မှတ်သားထားပါတယ်။

နောက် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း ဆွေးနွေးသွားတဲ့ဝန်ကြီးဌာနအနေနဲ့ အထူးသဖြင့် အားကစားဝန်ကြီးဌာနနဲ့ ငွေကြေးများကို ပိုမိုသုံးစွဲရန်တိုက်တွန်းလိုတဲ့ အကြံပြုချက်ကိုလည်း ကျွန်တော်တို့ လက်ခံထားပါတယ်။ နောက်ပြီးတော့ ဆေးဝါးကုသတဲ့အခါမှာလည်းပဲ ဒီ Free Medical Service ပေါ့နော်။ ဒီပြည်သူများကို ပေါ့နော်။ ဒီ အခမဲ့ ဆေးဝါးကုသမှုပေးတဲ့ အကြံပြုချက်ကိုတော့ ကျွန်တော်တို့ လက်ခံပါတယ်။ သို့သော်လည်း ရေရှည်မှာ တိုင်းပြည်အတွက်ဝန်ထုပ်ဝန်ပိုးဖြစ်တဲ့အတွက်ကြောင့် အဲဒါကိုကတော့ ကျွန်တော်တို့ ရေရှည်ကျရင်တော့ ကျန်းမာရေးအာမခံစနစ်နဲ့ ကျွန်တော်တို့ ဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ နောက်ပြီးတော့ ကရင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် တင်ပြဆွေးနွေးတဲ့အချက်များလည်း အင်မတန် ကောင်းပါတယ်။ ကွင်းဆင်းလေ့လာရမယ့် အခြေအနေများကိုလည်းတင်ပြတယ်။

ကျွန်တော်တို့ရဲ့ အစီရင်ခံစာမှာဆိုလို့ရှိရင် ရှေ့နောက် မညီတဲ့ဟာတွေကို ထောက်ပြသွားတဲ့အတွက်ကြောင့်လည်း အထူးပဲကျေးဇူးတင်ရှိပါတယ်။ နောင်အခါမှာ ကျွန်တော်တို့ အစီရင်ခံစာများကို ရေးတဲ့အခါမှာ သေသေချာချာ စိစစ်ပြီးတော့ ရေးမယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။ နောက်တစ်ခုကတော့ သူပြောတာတော့ပေါ့နော် ဒီအားကစားအဖွဲ့ချုပ်တွေအနေနဲ့ မိမိဆန္ဒ ရှိတဲ့လူတွေကို ဥက္ကဋ္ဌနေရာပေးဖို့ အတွက်ထားရမယ်ဆိုတာကိုလည်း ကျန်းမာရေးဝန်ကြီးဌာနနဲ့ တွေ့ဆုံတဲ့အခါမှာ ဒီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ တွေ့ဆုံတဲ့အခါမှာ ကျွန်တော်တို့ အကြံပြုဆွေးနွေး သွားမယ်ဆိုတဲ့အကြောင်း ပြောကြားလိုပါတယ်။ Free Medical Service ကတော့ ကျွန်တော်တို့တွေ အထူးသဖြင့်ကတော့ အခုလည်းလုပ်နေပါတယ်။ အတတ်နိုင်ဆုံးကတော့ ရှားပါးဆေးဝါးနဲ့ အဖိုးကြီးတဲ့ ဆေးတွေသာလျှင် ဝယ်ရတာပါ။ အဲဒီဟာနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့အနေနဲ့ ပေါ့နော် ဒီကိစ္စကို ကျန်းမာရေးအာမခံစနစ်နဲ့ ကျွန်တော်တို့ဆက်လက်သွားဖို့ ကျွန်တော်တို့ဆွေးနွေးမယ် ဆိုတဲ့အကြောင်း ပြောကြားလို ပါတယ်။

နောက်တစ်ခုက ပဲခူးတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ်မှ ဒေါ်ရွှေရွှေစိန်လတ် ရဲ့ အကြံပြုချက်တွေအရ ယဉ်ကျေးမှုကို ဒီထက်တိုးတက်အောင် လုပ်ဆောင်ရမယ်ဆိုတဲ့အကြောင်းလည်း ကျွန်တော်တို့မှတ်သားထားပါတယ်။ နောက် အားကစားကဏ္ဍနဲ့ ပတ်သက်လို့လည်း မြို့နယ်တွေမှ တစ်ဆင့်ပေါ့နော်။ အဲဒီကနေတစ်ဆင့်မှ တိုင်းပြည်အတွက် တကယ့်အားကစားကောင်းသမားတွေ၊ လက်ရွေးစင်တွေ ပေါ်ထွက်လာအောင် လုပ်ရမယ်ဆိုတဲ့ အကြံပြုချက်များကို ကျွန်တော်တို့အနေနဲ့ လေးနက်စွာမှတ်သားထားပါတယ်။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အကြံပြု ဆွေးနွေးသွားတဲ့ အားကစားတိုးတက်ရန် အကြံပြုချက်များကိုလည်း အလေးအနက်မှတ်သားထားတယ် ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ လေးနက်စွာ ပြောကြားလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကာလတွင် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီရဲ့ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်မှ သဘောတူလက်ခံပေးပါရန်နှင့် အတည်ပြုချက်ပေးပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူ ပါမယ်။ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော် က အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်ကဆွေးနွေးခြင်း

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမြမင်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၉။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို အပြုသဘောဖြင့် အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအစီရင်ခံစာကို လေ့လာကြည့်တဲ့အခါမှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနဲ့ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီတွေကို ပြည်သူတွေကနေ တိုင်ကြားတဲ့အမှုပေါင်းက ကျွန်တော်တို့ကို ဖြန့်ဝေတဲ့အစီရင်ခံစာမှာ အမှုပေါင်း(၄၁၄၂)လို့ ဖော်ပြခဲ့ပြီးတော့ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတဲ့အခါမှာတော့ (၅၇၇၆)စောင် ဖြစ်နေတာကို တွေ့ရပါတယ်။ ဒါဟာလည်း မဖြစ်သင့်ပါဘူး။ ဒီတိုင်စာကို တိုင်စာသည် (၅၇၇၆)စောင်မှာ မှန်ကန်မှု မှန်မှန်ကန်ကန် တိုင်တန်းမှု ဟုတ်/မဟုတ် ဆိုတာ စိစစ်တဲ့နေရာမှာ လွန်စွာအရေးကြီးပါတယ်။

ကော်မတီအနေဖြင့် ဒီအမှုတွေရဲ့မှန်ကန်မှုကို စားပွဲပေါ်မှာပဲသုံးသပ်ရတဲ့အခါမှာ မှန်မှန်ကန်ကန် သုံးသပ်နိုင်ဖို့လိုပါတယ်။ တိုင်တဲ့အမှုတိုင်းဟာ မှန်ကန်မှုမရှိတာကို တွေ့ရပါတယ်။ အချို့အမှုတွေဟာ လိပ်စာအမှား၊ လူအမှားတွေကို တွေ့ရပါတယ်။ အချို့က ဥပဒေနဲ့အညီလုပ်လို့၊ စည်းကမ်းနဲ့အညီလုပ်လို့ ဥပဒေမလိုက်နာ၊ စည်းကမ်းမလေးစားတဲ့လူတွေက လုပ်ကြံဖန်တီးပြီးတော့ တိုင်ကြားတာတွေကိုလည်း တွေ့ရပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်မှာ စည်းကမ်းနဲ့အညီလုပ်လို့ မလိုသူတွေက လုပ်ကြံတိုင်လို့ အရေးယူခံရတဲ့ သာဓကတွေလည်းရှိပါတယ်။ ကာယကံရှင်ရော နိုင်ငံတော်အတွက်ပါ များစွာနစ်နာပါတယ်။ ဒါကြောင့် ဒီတိုင်စာတွေကို စိစစ်တဲ့နေရာမှာ တိုင်သူကို အရင်စစ်ဆေးမေးမြန်းပြီးမှ ဆက်လက်ဆောင်ရွက်သင့်ပါတယ်လို့ အကြံပြုလိုပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ဗဟိုအဖွဲ့အစည်းတွေ၊ ဝန်ကြီးဌာနတွေနဲ့ တိုင်းဒေသကြီး အစိုးရတွေကို ပေးပို့တဲ့ အမှုပေါင်း(၃၈၆)စောင်မှာ ပြန်လည်ပြန်ကြားတဲ့အမှုက (၁၃၆)စောင်၊ (၁၃၈)စောင် ဖြစ်ပါတယ်။ ဒီပြန်ကြားချက်တွေကို ကော်မတီအနေဖြင့် စိစစ်သင့်ပါတယ်။ ကျွန်တော်တို့ ဒုတိယ အကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော်မှာ ပညာရေးမှူးတစ်ယောက်ကို တိုင်ကြားခဲ့ရာမှာ လွှတ်တော်မှ ကွင်းဆင်းစစ်ဆေးပြီးတော့ တိုင်ကြားတဲ့အတိုင်း ပေါ်ပေါက်ခဲ့တဲ့အတွက် သက်ဆိုင်ရာ ဌာနကို အရေးယူပေးရန် ပေးပို့ခဲ့တဲ့အခါမှာ ရာထူးတောင်တိုးပြီးတော့ အခြားမြို့တစ်မြို့ကို ပို့လိုက်တဲ့ သာဓကတွေ ရှိပါတယ်။

နောက်တစ်ခုက ပြည်သူတွေရဲ့ တိုင်ကြားလာတဲ့အမှုတွေ၊ ကိစ္စတွေမှာ အေးအေးဆေးဆေး ဖြေရှင်းလို့ရတဲ့ အမှုတွေရှိသလို မြန်မြန်ဆန်ဆန် ဖြေရှင်းပေးရမယ့် ကိစ္စတွေလည်း ရှိပါတယ်။ ပြည်သူက အားကိုးတကြီးနဲ့တိုင်ကြားတဲ့ အမြန်ဆုံးဖြေရှင်းပေးရမယ့် ကိစ္စတစ်ခုဟာ တိုင်စာ ကော်မတီမှာ အချိန်နှစ်နဲ့ချီပြီးကြာနေတဲ့အတွက် တိုင်ကြားသူ ပြည်သူများဟာ များစွာနစ်နာပါတယ်။ ကျွန်တော်တို့ လွှတ်တော်တွေကို အားကိုးတဲ့စိတ်တွေကိုလည်း ပျက်ပြယ်ပါတယ်။ အချို့ပြဿနာတွေက ကျေအေးနေပြီ။ လွှတ်တော်က လပေါင်းများစွာ နောက်ကျပြီးမှ ဖြေရှင်းတဲ့အခါမှာ အမှုတွေကို ပြန်လည်အစ

ဖော်ပေးသလို ဖြစ်ရပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်မှာ ကျေးရွာ(၂)ရွာ ပဋိပက္ခဖြစ်တယ်။ သက်ဆိုင်ရာ နစ်နာတဲ့ရွာက တိုင်းလွှတ်တော်ကို တိုင်တယ်။ ဒီအမှုကို သက်ဆိုင်ရာ ကိုယ်စားလှယ်တွေနဲ့ အုပ်ချုပ်ရေးမှူးတွေ၊ ရပ်မိရပ်ဖတွေ ပူးပေါင်းဖြေရှင်းလို့ အောက်ခြေမှာက ပြေလည်နေပြီ။ လွှတ်တော်က နောက်ကျပြီးမှ ဖြေရှင်းတဲ့အခါမှာ ပြန်လည်အစဖော်ပေးသလို ဖြစ်ရတာတွေလည်း တွေ့ရပါတယ်။ ဒါကြောင့် ဒီကော်မတီမှာ တိုင်စာတွေကို အချိန်များစွာကြာညောင်းနေတာဟာ တိုင်ကြားသူ ပြည်သူတွေ များစွာ နစ်နာတာဖြစ်တဲ့အတွက် ကော်မတီအနေနဲ့ ဒီကိစ္စကို အမြန်ဆုံး ဘယ်လိုဖြေရှင်းမလဲ ဆိုတာကို စဉ်းစား သုံးသပ်သင့်ပါတယ်။

နောက်တစ်ခုက တိုင်ကြားမှု (၅၇၇၆)စောင်မှာ ဌာနတွေက ပြန်ကြားတဲ့အမှုပေါင်းက (၁၃၈)၊ ကော်မတီတွင်း ကွင်းဆင်းဖြေရှင်းတာက ပြည်နယ်၊ တိုင်း(၆)ခုမှာ အမှု(၁၆) ခုဖြစ်တဲ့အတွက် ဖြေရှင်းပြီးတာက (၁၅၀) ကျော်ပဲ ရှိပါတယ်။ Percentage နဲ့ကြည့်မယ်ဆိုရင် အလွန်အင်မတန်မှ အားနည်းပါတယ်။ ဒါကြောင့် ဒီကော်မတီအနေဖြင့် ဒါကိုလည်း သုံးသပ်သင့်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ကော်မတီဝင်တွေကို လေ့လာကြည့်မယ်ဆိုရင် ကျွန်တော်တို့ လွှတ်တော်မှာရှိတဲ့ အလွန်အလုပ်များတဲ့ ကော်မတီတွေက ကော်မတီဝင်တွေ၊ အတွင်းရေးမှူးတွေ၊ ဒီတိုင်စာကော်မတီမှာ ပါဝင်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာ ဥပဒေပညာရှင်ကြီးတွေ၊ အမှုလိုက် ရှေ့နေကြီးတွေ များစွာရှိပါတယ်။ ဒါကြောင့် ဒီကော်မတီတွေ စွမ်းအင်ပြည့် အလုပ်လုပ်နိုင်ရန် ဒီကော်မတီကို သက်ဆိုင်ရာ စိတ်ဝင်စားတဲ့ ပညာရှင်များနဲ့ ဖွဲ့စည်းသင့်ပါတယ်လို့ အကြံပြု တိုက်တွန်း ရင်းနဲ့ပဲ နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၂:၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၃။**

**ဦးဆန်းမြင့် (ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဆန်းမြင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာ (၂/၂၀၁၇)နဲ့ ပတ်သက်လို့ အပြုသဘောဆောင် အကြံပြု ဆွေးနွေးသွားတဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) ဦးမြမင်းဆွေ ကို အထူးပဲကျေးဇူးတင် ရှိပါတယ်။

ဟုတ်ကဲ့ပါ။ ကိုယ်စားလှယ်တော်ကြီး အကြံပြုဆွေးနွေးသွားတဲ့အထဲမှာ ကျွန်တော်တို့ အစီရင်ခံစာပါ ကော်မတီမှ ဆောင်ရွက်သည့် လုပ်ငန်းကိစ္စရပ်များ စာမျက်နှာ(၂) စာတိုင်မှာဆိုရင် စုစုပေါင်း ကဏ္ဍက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကို (၂၁၆၂)စောင်၊ တိုင်ကြားစာဥက္ကဋ္ဌထံကို (၁၃၇၁)စောင်၊ လယ်ယာမြေတိုင်ကြားစာက (၆၀၉)စောင် ဒါကြောင့်မို့လို့ စုစုပေါင်း (၄၁၄၂)စောင် ဆိုပြီးတော့ စာတိုင်တွေမှာ ဖော်ပြထားတာရှိပါတယ်။ သို့သော်လည်းပဲ ဒီပြည်သူတို့ရဲ့တိုင်ကြားစာဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတဲ့အခါကျတော့ စုစုပေါင်း(၅၇၇၆)စောင် ဆိုပြီးတော့ ဖော်ပြထားတာရှိပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဒီစာတိုင်မှာဆိုရင် အမျိုးသားဥက္ကဋ္ဌထံ လိပ်မူထားတာက (၂၁၆၂)စောင်ပါ။ တိုင်ကြားစာ ဥက္ကဋ္ဌထံကို လိပ်မူထားတာက (၁၃၇၁)စောင်ပါ။ နောက်လယ်ယာမြေကိစ္စ တိုင်ကြားစာက (၆၀၉) စောင်ပါ။ ဒါ့အပြင် မိတ္တူတွေက (၁၆၃၄)စောင် ထည့်ထားပါတယ်။ သို့အတွက် စုစုပေါင်း (၅၇၇၆) စောင်လို့ ကျွန်တော်တို့ စာတိုင်မှာဖော်ပြခြင်း ဖြစ်ပါတယ်။

အဲဒီတော့ အစီရင်ခံစာမှာကတော့ မိတ္တူဆိုတဲ့ ကျွန်တော်တို့ (၁၆၃၄)စောင်ကို ဖော်ပြထားခြင်း မရှိတဲ့အတွက် ဒီမိတ္တူကို နုတ်လိုက်တဲ့အခါမှာ စုစုပေါင်း (၄၁၄၂)စောင် ဖြစ်ကြောင်း လေးစားအပ်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။ နောက်ထပ် ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးတဲ့အထဲမှာ ကျွန်တော်တို့ တိုင်စာတွေက များနေတယ်။ အချိန်တွေက ကြန့်ကြာတယ်။ သို့အတွက် အချို့ကိစ္စတွေမှာ ဒေသတွေမှာ ညှိနှိုင်းဖြေရှင်းလို့ ဆောင်ရွက်ပြီးပြီ။ လွှတ်တော်ကနေ၊ တိုင်ကြားစာကော်မတီကနေ ဆောင်ရွက်လိုက်တဲ့အခါမှာ အဆိုပါကိစ္စသည်နှောင့်နှေးမှုကြောင့် အခုလို ကြန့်ကြာမှုကြောင့် အသစ်ပြန်ဖြစ်နေရတယ် ဆိုပြီးတော့ ဆွေးနွေးအကြံပြုသွားတာ တွေ့ရပါတယ်။ ဟုတ်ကဲ့ပါ။ အင်မတန်မှန်ပါတယ်။ ကျွန်တော်တို့ ကော်မတီကလည်းပဲ ဒီတိုင်ကြားစာပေါင်းကို တစ်ပြည်လုံး ကနေ တိုင်ကြားလာတဲ့အခါမှာ ထိုအပေါ်မှာ အားကိုးတကြီးနဲ့ တိုင်တဲ့အတွက် ကျွန်တော်တို့ လွှတ်တော်က ပြည်သူတွေရဲ့ ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူတွေရဲ့ လိုအပ်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့ မူအတိုင်း ကျွန်တော်တို့ ကော်မတီက ဆောင်ရွက်နေခြင်း ဖြစ်သော်လည်းပဲ ကျွန်တော်တို့ ကော်မတီရဲ့ အားနည်းချက်တွေကြောင့် စောစောက လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးမြမင်းဆွေ အကြံပြုချက် အတိုင်း ကျွန်တော်တို့ ကော်မတီဝင်တွေမှာ ပညာရှင်တွေ မလုံလောက်မှုကြောင့် အခုလို နှောင့်နှေး ကြန့်ကြာနေရခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီပညာရှင်တွေနဲ့ ကျွန်တော်တို့ ပြည်သူတို့ရဲ့ တိုင်ကြားစာဆိုင်ရာ ကော်မတီကို ပြန်လည်ဖွဲ့စည်းသင့်တယ်ဆိုတဲ့ ဦးမြမင်းဆွေရဲ့ အကြံပြုချက်ကိုလည်း ကျွန်တော် လေးလေးနက်နက်ခံယူ ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ကော်မတီမှာ ချက်ချင်းဆောင်ရွက်ရမယ့်ဟာတွေ၊ အမြန်ဆောင်ရွက်ရမယ့် ဟာတွေ၊ ပုံမှန်ဆောင်ရွက်ရမယ့်ဟာတွေ ဆိုပြီးတော့ ခွဲခြားထားပါတယ်။ ဒါကြောင့်မို့လို့ ဒီခွဲခြားဆောင်ရွက် ချက်အတိုင်း ကျွန်တော်တို့ ကော်မတီကို ကျွန်တော်တို့ အုပ်စု(၃)စု ခွဲထားပါတယ်။ အစီရင်ခံစာမှာလည်း ပါပါတယ်။ အဲဒီအုပ်စု(၃)စုဟာ သက်ဆိုင်ရာတိုင်ကြားစာတွေကို ချက်ချင်း၊ အမြန်၊ ပုံမှန် ဆောင်ရွက်ပါတယ်။ သို့သော်လည်းပဲ အားနည်းချက်ရှိတဲ့အတွက် အခုလိုကြန့်ကြာရခြင်း ဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ထပ်မံပြီးတော့ ကိုယ်စားလှယ်တော်ကြီး အကြံပြုသလိုပဲ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တွေကနေ ကျွန်တော်တို့ပေးပို့တဲ့ အကြံပြုချက်အမှုတွဲတွေနဲ့ ပတ်သက်ပြီးတော့

ပြန်လည်ဆောင်ရွက်ချက်တွေမှာ အားနည်းနေတယ်ဆိုတာကိုလည်းပဲ ကျွန်တော်တို့ ဖော်ပြပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ စာမျက်နှာ(၃) အစီရင်ခံစာမှာ အဲဒီမှာ ဇယားမှာဆိုလို့ရှိရင် ပြည်ထောင်စုဝန်ကြီးဌာနများဆိုတဲ့ဇယား၊ အဲဒီဇယားက အမှတ်စဉ်(၁၇) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနကို ကျွန်တော်တို့ပေးပို့တဲ့ အမှုတွဲပေါင်းဟာ(၅၈)တွဲ၊ ပြန်ကြားတဲ့အမှုတွဲပေါင်းက (၁၃)တွဲ၊ ပြန်ကြားရန်ကျန်တဲ့အမှုတွဲက (၄၅)တွဲ၊ ဒီလိုပဲအချို့ဝန်ကြီးဌာနတွေဟာ တော်တော်များများ ပြန်ကြားဖို့ ကျန်နေတာတွေတွေ့ရပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်သော်လည်းပဲ နမူနာအနေနဲ့ ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ ပြန်ကြားမှုပိုင်းမှာ အားနည်းနေတာကိုတွေ့ရတဲ့အတွက် ကျွန်တော်တို့အစီရင်ခံစာ စာမျက်နှာ(၆) ကော်မတီရဲ့ဆောင်ရွက်ချက် ဖြစ်ပါတယ်။

အစီရင်ခံစာမှာဆိုရင် ထိုသို့ တိုင်ကြားစာများအား ပေးပို့ညှိနှိုင်းရာ၌ ပြည်ထဲရေးဝန်ကြီးဌာနနဲ့သက်ဆိုင်သည့် တိုင်ကြားစာများမှာ အများဆုံးဖြစ်ကြောင်းတွေ့ရှိရပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အမှုတွဲများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ပြန်လည်တင်ပြသော အရေအတွက်သည် နည်းပါးနေသေးခြင်း၊ အချို့သောဆောင်ရွက်မှုများသည် ကျေနပ်အားရဖွယ်မရှိခြင်းနှင့် အရေးယူဆောင်ရွက်မှု အားနည်းနေသေးခြင်းတို့ကြောင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအနေဖြင့် အလေးထားဆောင်ရွက် ပြန်ကြားပေးသင့်ပါကြောင်း စိစစ်တွေ့ရှိရပါသည်ဆိုပြီးတော့ ကျွန်တော်တို့ ဒီ သုံးသပ်ထားတာရှိပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော် ကိုယ်စားလှယ်တော်ကြီး အကြံပြုချက်ကို လေးလေးနက်နက်ကြိုဆိုပါတယ်။ ဒီ့အတွက် ကျွန်တော်တို့ နောက်နောင် အမှုတွဲတွေမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းတွေကို ကျွန်တော်တို့ အကြံပြုသုံးသပ်ချက်တွေ ပေးပို့တဲ့အခါမှာ အဲဒီအဖွဲ့အစည်းတွေအနေနဲ့ အလေးထားဆောင်ရွက်ပေးရန် ပြန်ကြားသင့်ကြောင်းကိုလည်းပဲ ကျွန်တော်တို့ထည့်သွင်းအကြံပြုသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကြီးမှ သဘောတူလက်ခံရန်အဆိုပြုတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၁။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော် က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် (၄၀)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ရုပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစ ည်းအဝေး (၄၀)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၃၉)ရက်မြောက်နေ့ကို ၁၂း၁၂ နာရီအချိန်တွင် ရုပ်နားပါသည်။]